# Dream Land International School

## ကျောင်းသားများနှင့် မိဘများအတွက် လက်စွဲစာအုပ်

# မာတိကာ


ကျောင်းအကြောင်း အကျဉ်းချုပ် ........ 8

မျှော်မှန်းချက် (VISION) ........ 8

ရည်ရွယ်ချက် (MISSION) ........ 8

အရည်အသွေးများ (VALUE) ........ 9

ရည်မှန်းချက်များ (AIMS) ........ 9

ကျောင်း၏ ခေါင်းဆောင်မှုနှင့် အုပ်ချုပ်မှု ........ 9

- Dream Land ဝန်ထမ်းများနှင့် ခေါင်းဆောင်မှု ........ 9
- ဒါရိုက်တာ ဘုတ်အဖွဲ့ ........ 10
- အကြီးတန်းခေါင်းဆောင်မှု အဖွဲ့ ........ 10

ကျောင်းရုံး နှင့် စီမံခန့်ခွဲရေးဆိုင်ရာ အချက်အလက်များ ........ 11

ကျောင်းဝင်ခွင့် ........ 11

- ကျောင်းအပ်သည့် လုပ်ငန်းစဉ် ........ 12
- လိုအပ်သော ငွေကြေးပေးချေမှုများ ........ 12
- ကျောင်းဝင်ခွင့် စာမေးပွဲနှင့် အစီအစဉ်များ ........ 12
- အတန်းသတ်မှတ်ခြင်း ........ 12

အသက်အရွယ် အလိုက် အတန်းသတ်မှတ်ခြင်း ........ 13

မှတ်ပုံတင်ခြင်းကာလ ........ 13

ငွေပေးသွင်းခြင်း ........ 14

Dream Land International School ကျောင်းခွဲများအကြား ကျောင်းပြောင်းခြင်း ........ 14

အခြားကျောင်းသို့ ပြောင်းရွှေ့ခြင်းမူဝါဒ ........ 14

စာသင်ခန်း အရွယ်အစားနှင့် ကျောင်းသားများအား ပံ့ပိုးကူညီမှု ........ 15

ပညာသင်နှစ် ........ 15

သင်ရိုးညွှန်းတမ်း အကျဉ်းချုပ် ........ 16

- Early Years (Nursery, PreKG, KG) ........ 16
- မူလတန်းနှင့် အလယ်တန်းအဆင့်များ ........ 16
- Primary Level (Year 1-3) ........ 16

Primary Level (Year 4-6) ... 17
Secondary Level (Year 7-9) ... 17
Cambridge IGCSE / O Level (Years 10–11) ... 18
အိမ်စာဆိုင်ရာ မူဝါဒများ ... 18
ကျောင်းပြင်ပ သင်ကြားပို့ချပေးမှု ... 19
ကျောင်းတွင်း စမ်းသပ်စစ်ဆေးမှုများနှင့် စာမေးပွဲများ ... 19
အဆင့်သတ်မှတ်ခြင်းနှင့် အကဲဖြတ်ခြင်း ... 20
မိဘများအား အကြောင်းကြားခြင်းနှင့် မိဘများ ပူးပေါင်းပါဝင်ခြင်း ... 20
ဂုဏ်ထူးဆောင်ဆုများနှင့် အောင်မြင်မှုများ ... 21
အထူးဆုများ ... 21
ကျောင်းချိန်ပြီးနောက် လှုပ်ရှားမှုများ ... 21
ဆုံညီစုဝေးပွဲ (Assembly) ... 22
ပုံမှန် ဆုံညီစုဝေးပွဲများ ... 22
ဆုံညီစုဝေးပွဲ အချိန်ဇယားများ ... 22
တစ်ကျောင်းလုံးဆိုင်ရာ ဆုံညီစုဝေးပွဲများ ... 22
မွေးနေ့ပွဲများကျင်းပခြင်း ... 23
နားချိန်နှင့် နေ့လယ်စာချိန် အတွင်း ပြုမူကျင့်ကြံမှုဆိုင်ရာ စည်းမျဉ်းများ ... 23
ကျောင်းကန်တင်း လမ်းညွှန်ချက်များ ... 23
ကျန်းမာရေးကောင်းမွန်စွာနေထိုင်မှုနှင့် ဘေးကင်းလုံခြုံရေး ... 24
ကျောင်းသားများ၏ အခွင့်အရေး၊ တာဝန်ဝတ္တရားများနှင့် ခေါင်းဆောင်မှု ... 25
ကျောင်းသားများ၏ အခွင့်အရေး ... 25
ကျောင်းသားများ၏ တာဝန်ဝတ္တရား ... 25
စည်းကမ်းထိန်းသိမ်းရေး ကော်မတီနှင့် လုပ်ထုံးလုပ်နည်းများ ... 26
စည်းကမ်းစည်းမျဉ်းများနှင့် လုပ်ထုံးလုပ်နည်းများ ... 26
အပိုဒ် (၁) - အခြေခံမူဝါဒများ ... 27
မိမိကိုယ်ကို လေးစားမှု ... 27
ပညာရေးဆိုင်ရာ တာဝန်ယူမှု ... 27

တစ်ဦးချင်းစီ၏ တာဝန်ယူမှု ....27
အခြားသူများအား လေးစားမှု ....27
ပါဝင်ခွင့်ရှိသော စကားပြောဆိုမှုနှင့် အပြုအမူ ....28
အငြင်းပွားမှုများ ဖြေရှင်းခြင်း....28
ပစ္စည်းဥစ္စာများကို လေးစားမှု....28
ကျောင်းပိုင်ပစ္စည်းများ ....28
ကိုယ်ပိုင်ပစ္စည်း ....28
အပိုဒ် (၂) - ပညာရေးတွင် ရိုးသားဖြောင့်မတ်မှု ....29
ရိုးသားဖြောင့်မတ်သော ပညာရေး၏ အခြေခံမူများ....29
အမိပ္ပာယ်သတ်မှတ်ချက်များနှင့် စည်းကမ်းချိုးဖောက်မှုများ....29
စာခိုးချခြင်း ....29
စာမေးပွဲတွင် မရိုးသားမှုများပြုလုပ်ခြင်း ....29
ပူးပေါင်းလိမ်လည်ခြင်း ....29
AI နှင့် ဒစ်ဂျစ်တယ် ကိရိယာများ အသုံးပြုခြင်း....30
ပညာရေးဆိုင်ရာ ရိုးသားမှုမရှိခြင်း၏ နောက်ဆက်တွဲများ....30
အပိုဒ် (၃) - ပြုမူနေထိုင်မှုဆိုင်ရာ မျှော်မှန်းချက်များ....30
ကောင်းမွန်သော သင်ယူမှုပတ်ဝန်းကျင် ....30
အချိန်မှန်ခြင်း....31
ကြိုတင်ပြင်ဆင်ခြင်း ....31
စိတ်ဝင်တစားပါဝင်ခြင်း....31
တားမြစ်ထားသော အပြုအမူများ....31
အနိုင်ကျင့်ခြင်းနှင့် နှောက်ယှက်ခြင်း ....31
ရုပ်ပိုင်းဆိုင်ရာ ရန်လိုမှု/စော်ကားမှု ....32
ပမာမခန့်ပြုခြင်းနှင့် အမိန့် ဖီဆန်ခြင်း ....32
အပိုဒ် (၄) - ကျောင်းဝင်းအတွင်း သွားလာလှုပ်ရှားမှု၊ အချိန်တိကျမှုနှင့် အတန်းတက်ရောက်မှု ....32
အပိုဒ်ခွဲ (၄.၁) ပုံမှန် အတန်းတက်ရောက်မှုအတွက် ပြဋ္ဌာန်းချက်များ ....32
အတန်းတက်ရောက်မှုဆိုင်ရာ လိုအပ်ချက်များ ....32

ခွင့်တိုင်ကြားခြင်း ....................................................... 32
မမျှော်လင့်ထားသော ကျောင်းပျက်ခြင်းအား အသိပေးခြင်း ....................................................... 33
ခွင့်ပြုခံရသော နှင့် ခွင့်ပြုမခံရသော ကျောင်းပျက်ကွက်မှုများ ....................................................... 33
လွတ်သွားသော သင်ခန်းစာများ ပြန်လည်ဖြည့်စွက်ခြင်းနှင့် အကူအညီရယူခြင်း ....................................................... 33
အလွန်အမင်း ကျောင်းပျက်ခြင်း (သို့) ကျောင်းပြေးခြင်း ....................................................... 33
အပိုဒ်ခွဲ (၄.၂) အချိန်တိကျမှု၏ အရေးပါမှု ....................................................... 34
အပိုဒ်ခွဲ (၄.၃) ဘေးကင်းလုံခြုံရေးနှင့် ကျောင်းနယ်မြေ ....................................................... 34
- ခွင့်ပြုချက်မရှိဘဲ ကျောင်းမှ ထွက်ခွာခြင်း ....................................................... 34
- ကန့်သတ်ထားသော နေရာများ ....................................................... 34
အပိုဒ် (၅) - ဝတ်စားဆင်ယင်မှုနှင့် တကိုယ်ရည်အလှဆင်မှု ....................................................... 35
Dream Land International School ယူနီဖောင်း ....................................................... 35
တစ်ကိုယ်ရေ အလှဆင်မှုဆိုင်ရာ စံနှုန်းများ ....................................................... 36
ဆံပင်ပုံစံ ....................................................... 36
လက်ဝတ်ရတနာ ....................................................... 36
ပုံပန်းသဏ္ဍာန် ....................................................... 36
အပိုဒ် (၆) - နည်းပညာနှင့် ဒစ်ဂျစ်တယ် နိုင်ငံသားစိတ်ဓာတ် ....................................................... 36
လက်ခံအသုံးပြုမှုမူဝါဒ ....................................................... 37
- ကိုယ်ပိုင်စက်ပစ္စည်း ယူဆောင်ခြင်း ....................................................... 37
- အင်တာနက်ကွန်ရက် လုံခြုံရေး ....................................................... 37
ဖုန်းနှင့်စမတ်နာရီအသုံးပြုမှုမူဝါဒ ....................................................... 37
ဒစ်ဂျစ်တယ် နိုင်ငံသားစိတ်ဓာတ် ....................................................... 37
- အွန်လိုင်းအသုံးပြု၍ အနိုင်ကျင့်မှု ....................................................... 37
- ဒစ်ဂျစ်တယ် မှတ်တမ်း ....................................................... 38
အပိုဒ် (၇) - ကန့်သတ်ထားသော ပစ္စည်းများ ....................................................... 38
လက်နက်များနှင့် အန္တရာယ်ရှိသော ပစ္စည်းများ ....................................................... 38
မူးယစ်ဆေးဝါးနှင့် ဆက်စပ် ပစ္စည်းများ ....................................................... 39
လျှပ်စစ်ပစ္စည်းများနှင့် ပညာရေးနှင့် မသက်ဆိုင်သော ကိရိယာများ ....................................................... 39

တန်ဖိုးကြီးပစ္စည်းများနှင့် မသင့်လျော်သော ပစ္စည်းများ....39
စည်းမျဉ်းချမှတ်ကျင့်သုံးခြင်းနှင့် နောက်ဆက်တွဲအရေးယူမှုများ....40
အပိုဒ် (၈) - ကိုယ်ရေး အချက်အလက်များ ကာကွယ်ခြင်းနှင့် လုံခြုံရေး....40
အခြေခံမူဝါဒ သဘောတရား နှင့် ဥပဒေနှင့်အညီ လိုက်နာမှု....40
အချက်အလက်များ စီမံဆောင်ရွက်ခြင်း မူဘောင်များ....40
အချက်အလက်များ စုဆောင်းခြင်းနှင့် အသုံးပြုခြင်း....40
အချက်အလက်များ လုံခြုံရေးအတွက် စီမံချက်များ....41
အချက်အလက်မျှဝေခြင်းနှင့် ပြင်ပ အဖွဲ့အစည်းများ....41
ကိုယ်ရေးလုံခြုံမှုဆိုင်ရာ အသိပေးချက်များ....41
တစ်ဦးချင်းစီ၏ အခွင့်အရေးများ....41
အချက်အလက် ပေါက်ကြားမှုဆိုင်ရာ ဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများ....42
ဓာတ်ပုံများနှင့် ဗီဒီယိုများ အသုံးပြုခြင်း....42
မူဝါဒပြန်လည်သုံးသပ်ခြင်းနှင့် မေးမြန်းခြင်းများ....42
အပိုဒ် (၉) - ကျောင်းပိုင် အဆောက်အအုံများနှင့် သင်ထောက်ကူပစ္စည်းများ အသုံးပြုခြင်း....42
ယေဘုယျ အသုံးပြုခြင်းနှင့် ဝေမျှသုံးစွဲရာနေရာများ....42
စာကြည့်တိုက်နှင့် သင်ယူမှုစင်တာ....43
သိပ္ပံဓာတ်ခွဲခန်းများ....43
ထမင်းစားခန်း နှင့် စားသောက်ရန်နေရာများ....43
အားကစားနှင့် ကာယလေ့ကျင့်ခန်းဆိုင်ရာ အဆောက်အဦများ....44
ပျက်စီးဆုံးရှုံးမှုများအတွက် တာဝန်ယူမှုများ....44
နိဂုံးချုပ်....44
အပိုဒ် (၁၀) - ပြုမူနေထိုင်မှုဆိုင်ရာ အမှတ်ပေးစနစ်နှင့် စည်းကမ်းထိန်းသိမ်းရေးမူဘောင်....44
စနစ်၏ အခြေခံမူဝါဒများ....44
အမှတ်ပေးစနစ်၏ ဖွဲ့စည်းပုံ....45
အပြုအမူဆိုင်ရာ အမှတ်ပေးစနစ်....46
အမှတ်လျှော့ချနိုင်သည့် အခွင့်အလမ်းများ....46
အပိုဒ် (၁၁) - ကျောင်းဝင်း အတွင်း လုပ်ငန်းဆောင်ရွက်မှုများ....46

ပျောက်ဆုံးပစ္စည်း ရှာဖွေရေး လုပ်ထုံးလုပ်နည်းများ ... 46
မတော်တဆ ထိခိုက်မှု ... 47
ပညာရေးဆိုင်ရာ လေ့လာရေးခရီးများနှင့် ကျောင်းပြင်ပ လှုပ်ရှားမှုများ ... 47
ကျောင်းဝင်းလုံခြုံရေး ... 47
အပိုဒ် (၁၂) - မိဘများ၏ ပူးပေါင်းပါဝင်မှုနှင့် တာဝန်များ ... 48
တာဝန်ဝတ္တရားများ မျှဝေထမ်းဆောင်ခြင်း ၏ အခြေခံမူဝါဒ သဘောတရားများ ... 48
ဆက်သွယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှု ... 48
အိမ်တွင် ပညာရေးဆိုင်ရာနှင့် စည်းကမ်းပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှု ... 49
ဘဏ္ဍာရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာ တာဝန်ဝတ္တရားများ ... 49
ကျောင်းဝင်းအတွင်း မိဘများအတွက်စည်းကမ်းချက်များ ... 50
ပူးပေါင်းဆောင်ရွက်မှုအတွက် ပြဋ္ဌာန်းချက် ... 50
တာဝန်ရှိသော ဆက်သွယ်မှုနှင့် အပြုအမူ မူဝါဒ ... 50
တိုင်ကြားချက်မူဝါဒ ... 51
နိဂုံးချုပ် ... 52

## ကျောင်းအကြောင်း အကျဉ်းချုပ်

**Dream Land International School** ကို ၂၀၁၉ ခုနှစ် ဇွန်လတွင် မန္တလေး၌ စတင်တည်ထောင်ခဲ့ပြီး Cambridge နိုင်ငံတကာ သင်ရိုးညွှန်းတမ်းကို အခြေခံ၍ အရည်အသွေးမြင့် နိုင်ငံတကာ ပညာရေးကို ပံ့ပိုးပေးရန် ဖွဲ့စည်းထားခြင်း ဖြစ်ပါသည်။ ကျောင်းတွင် ငယ်စဉ်မှ တက္ကသိုလ်ဝန်ထမ်း အထိ ဆက်လက်သင်ယူနိုင်သော ပညာရေးလမ်းကြောင်းကို ပံ့ပိုးကာ ပညာရေးဆိုင်ရာ တင်းကြပ်မှု၊ စာရိတ္တဖွံ့ဖြိုးတိုးတက်မှုနှင့် ကမ္ဘာလုံးဆိုင်ရာ အတွေးအခေါ်များ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ပါသည်။

## မျှော်မှန်းချက် (VISION)

- ကျောင်းသားများအား ကမ္ဘာတစ်ဝှမ်းတွင် ပညာသင်ကြားရန်၊ ဖွံ့ဖြိုးတိုးတက်ရန် နှင့် အောင်မြင်မှုများရရှိရန်အတွက် ပြင်ဆင်ပေးသည့် နိုင်ငံတကာအရည်အသွေးမြင့် ပညာရေးကို ပံ့ပိုးပေးရန်ဖြစ်သည်။
- မြန်မာနိုင်ငံတွင် ထိပ်တန်းပညာရေးကျောင်း တစ်ကျောင်းဖြစ်ပြီး ယုံကြည်မှုရှိပြီး၊ ကြင်နာမှုရှိသော၊ အတွေးခေါ်သစ်များကို လက်ခံနိုင်သော သင်ယူသူများကို ပြုစုပျိုးထောင်ပေးသည့် ကျောင်းတစ်ခုဖြစ်ရန်။
- Dream Land International School သည် စူစမ်းလိုစိတ်ရှိမှု၊ ဝေဖန် ပိုင်းခြား တွေးခေါ်မှုနှင့် ရိုးသားဖြောင့်မတ်မှုတို့ကို ပြုစုပျိုးထောင်ပေးပြီး ကျောင်းသားတိုင်းအား ၎င်းတို့၏ လူမှုအဖွဲ့အစည်းနှင့် ကမ္ဘာကြီးအတွက် အပြုသဘောဆောင်သော ပံ့ပိုးမှုများ ပြုလုပ်နိုင်ရန်အတွက် အားဖြည့်ပေးရန်။

## ရည်ရွယ်ချက် (MISSION)

- မတူကွဲပြားသော နယ်ပယ် အသီးသီးမှ ကျောင်းသားများအား နိုင်ငံတကာစံချိန်စံညွှန်းများမှ တဆင့် ပညာရေးဆိုင်ရာ အောင်မြင်မှု၊ ကိုယ်ရည် ကိုယ်သွေး ဖွံ့ဖြိုးတိုးတက်မှုနှင့် ကမ္ဘာလုံးဆိုင်ရာ နိုင်ငံသား စိတ်ဓာတ်များ ရရှိစေရေးအတွက် အားဖြည့်ပေးရန်။
- ကမ္ဘာကြီးတွင် အပြုသဘောဆောင်သော သက်ရောက်မှုများ ပြုလုပ်ရန် အသင့်ဖြစ်နေသော ယုံကြည်မှုရှိပြီး တာဝန်ယူတတ်ကာ ကမ္ဘာလုံးဆိုင်ရာ အတွေးအခေါ်ရှိသော သင်ယူသူများကို ပြုစုပျိုးထောင်ရန် ရည်ရွယ်ပါသည်။
- ကျောင်းသားတိုင်းကို ၎င်းတို့၏ အလားအလာကို အပြည့်အဝရရှိစေရန်၊ ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ လူ့အဖွဲ့အစည်းအတွက် အဓိပ္ပာယ်ရှိစွာ ပံ့ပိုးကူညီသော တစ်သက်တာ သင်ယူသူများ ဖြစ်လာစေရန် အတွက် အားဖြည့်ပေးရန်ရည်ရွယ်ပါသည်။

## အရည်အသွေးများ (VALUE)

| | | |
|---|---|---|
| အဆင့်အတန်းမြင့်မားခြင်း | - | လုပ်ဆောင်သမျှ၌ အကောင်းဆုံးလုပ်ဆောင်ရန် ကြိုးစားအားထုတ်ခြင်း။ |
| ရိုးသားဖြောင့်မတ်ခြင်း | - | ရိုးသားမှု၊ တရားမျှတမှု နှင့် တာဝန်ယူမှုစိတ်ဓာတ်အပြည့်ဖြင့် လုပ်ဆောင်ခြင်း။ |
| လေးစားမှု | - | မိမိကိုယ်တိုင်၊ အခြားသူများနှင့် ကျွန်ုပ်တို့၏ မတူကွဲပြားမှုများကို တန်ဖိုးထားပေးခြင်း။ |
| ကမ္ဘာလုံးဆိုင်ရာ အသိရှိမှု | - | မတူညီသောရိုးရာဓလေ့များနှင့် အမြင်များကို နားလည်ခြင်းနှင့် အသိအမှတ်ပြုခြင်း။ |
| ဆန်းသစ်တီထွင်မှု | - | သင်ယူမှု၌ တိုးတက်စေရန် တီထွင်နိုင်မှုနှင့် အကြံအစည်အယူအဆအသစ်များကို အားပေးခြင်း |
| စာနာထောက်ထားမှု | - | အခြားသူများအား ဂရုစိုက်ခြင်းနှင့် ကျွန်ုပ်တို့၏ပတ်ဝန်းကျင်အား အပြုသဘောဆောင်သော ကူညီမှုများ ပေးဆောင်ခြင်း |

## ရည်မှန်းချက်များ (AIMS)

- ပညာရေး၌ ထူးချွန်မှုနှင့် တစ်သက်သာ သင်ယူနိုင်မှု စွမ်းရည်များကို ပြသသော ကျောင်းသားများ တိုးတက်လာစေရန်။
- လုံခြုံမှုရှိပြီး ဉာဏ်ရည်ဉာဏ်သွေး နှင့် စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုကို အားပေးသော နယ်ပယ်တစ်ခု ပြုစုပျိုးထောင်ဖန်တီးရန်။
- ကျောင်းသား၊ ဆရာများနှင့် မိဘများအကြား ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်။
- သင်ကြားရေး၊ အကဲဖြတ်ရေး နှင့် သမာသမတ်ရှိခြင်းများတွင် နိုင်ငံတကာပညာရေးစံနှုန်းများနှင့် ကိုက်ညီစေရန်။

## ကျောင်း၏ ခေါင်းဆောင်မှုနှင့် အုပ်ချုပ်မှု

### Dream Land ဝန်ထမ်းများနှင့် ခေါင်းဆောင်မှု

Dream Land International School သည် သင်ကြားရေး၌ စိတ်အားထက်သန်ပြီး ကျောင်းသားတိုင်း၏ အလားအလာကို တိုးတက်အောင် ပြုစုပျိုးထောင်ရန် ခံယူထားသော ကွဲပြားသည့် အရည်အချင်းမြင့်မားပြည့်ဝသော ပညာသင်ကြားပြသူများကို ပိုင်ဆိုင်ထားခြင်းအတွက် ဂုဏ်ယူမိပါသည်။ ကျွန်ုပ်တို့၏ ဆရာ/မ များသည် မတူညီသော ရိုးရာယဥ်ကျေးမှု နှင့် ပညာရေးနောက်ခံနယ်ပယ်အမျိုးမျိုးမှ ရောက်ရှိလာကြပြီး ဒေသတွင်းရှိ တန်ဖိုးထားရာများ နှင့် ထုံးတမ်းအစဥ်လာများကို နားလည်ထားရုံသာမက အတန်းတွင်းသို့ ကမ္ဘာလုံးဆိုင်ရာ ရှုထောင့်အမြင်များကိုလည်း ယူဆောင်လာကြပါသည်။ ကျောင်း၏အုပ်ချုပ်ရေး နှင့် ပံ့ပိုးရေးဝန်ထမ်းများသည် ကျောင်းသားအားလုံးနှင့် မိသားစုများအတွက် နွေးထွေးလုံခြုံမှုရှိကာ စနစ်တကျဖွဲ့စည်းထားသော ပတ်ဝန်းကျင်တစ်ခုတွင် ကျောင်းလည်ပတ်မှု အဆင်ပြေချောမွေ့စေရန် ဆောင်ရွက်ပေးပါသည်။

## ဒါရိုက်တာ ဘုတ်အဖွဲ့

ဒါရိုက်တာ ဘုတ်အဖွဲ့သည် သည် ကျောင်း၏ အုပ်ချုပ်ရေး အဖွဲ့အဖြစ် ဆောင်ရွက်ပြီး မူဝါဒ၊ အုပ်ချုပ်ရေးနှင့် နည်းဗျူဟာ အစီအစဥ်ရေးဆွဲခြင်းတို့ကို ပြုလုပ်ပေးသည်။ အဖွဲ့ဝင်များသည် Dream Land ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို ပံ့ပိုးပေးရန် ပညာရေး၊ စီးပွားရေးနှင့် လူ့အဖွဲ့အစည်းခေါင်းဆောင်မှုဆိုင်ရာ မတူညီသော အတွေ့အကြုံမျိုးစုံကို ယူဆောင်လာကြပါသည်။

**Dream Land ၏ ဒါရိုက်တာ ဘုတ်အဖွဲ့** (၂၀၂၆-၂၀၂၇)

| | | |
|---|---|---|
| ဥက္ကဋ္ဌ | : | ဒေါ်မြတ်မွန်ဆွေ |
| ဒါရိုက်တာ အဖွဲ့ဝင် | : | ဒေါက်တာ ဝေဖြိုးမောင် |
| ဒါရိုက်တာ အဖွဲ့ဝင် | : | ဒေါ်အေးပွင့်ဖြူ |
| ဒါရိုက်တာ အဖွဲ့ဝင် | : | ဦးရန်နိုင် |
| ဒါရိုက်တာ အဖွဲ့ဝင် | : | ဒေါ်ဟန်နာ |

## အကြီးတန်းခေါင်းဆောင်မှု အဖွဲ့

Senior Leadership Team (SLT) သည် ကျောင်းအဖွဲ့အစည်း၏ ဝန်ထမ်းများအားလုံးထံသို့ ကျောင်း၏ မျှော်မှန်းချက်၊ ညွှန်ကြားချက်များ နှင့် ပံ့ပိုးမှုများကို ထောက်ပံ့ပေးပြီး၊ Dream Land ၏ ရည်ရွယ်ချက် နှင့် အရည်အသွေးများ သည် ကျောင်းနေဘဝ၏ ကဏ္ဍတစ်ခုတိုင်း၌ ထင်ဟပ်ပေါ်လွင်နေစေရန် စွမ်းဆောင်ပေးသည်။

- **ကျောင်းအုပ်ကြီး** : ပညာရေးဆိုင်ရာ ထူးချွန်မှု၊ ကျောင်းသားများ၏ ကောင်းကျိုး နှင့် ကျောင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အုပ်ချုပ်မှု နှင့် ညွှန်ကြားမှုများကို ဦးဆောင်ပေးသည်။
- **အလယ်တန်းအဆင့်ခေါင်းဆောင်** : အလယ်တန်းအဆင့်တွင် ကျောင်း၏ သင်ရိုးညွှန်တန်းများ ပြီးမြောက်အောင် အကောင်အထည်ဖော်ခြင်း နှင့် ကျောင်းသားများအား ပံ့ပိုးမှုတွင် ကြီးကြပ်ကွပ်ကဲပြီး၊ IGCSE O level အောင်မြင်ရေးအတွက် ကျောင်းသားများကို ပြင်ဆင်လေ့ကျင့်ပေးသည်။
- **မူလတန်းအဆင့် ခေါင်းဆောင်** : အခြေခံလေ့လာသင်ယူမှု၊ ဖန်တီးနိုင်စွမ်းရှိမှု နှင့် စရိုက္တ ဖွံ့ဖြိုးတိုးတက်မှုတို့ကို အဓိကထားသည့် မူလတန်းအဆင့်ကို ဦးဆောင်ပေးသည်။
- **စီးပွားရေးနှင့် လုပ်ငန်းလည်ပတ်ရေး မန်နေဂျာ** : နေ့စဉ်ပုံမှန်လုပ်ငန်းများ ချောမွေ့စွာ လည်ပတ်နိုင်ရေး နှင့် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဘဏ္ဍာရေး၊ အထောက်အကူပစ္စည်းများ နှင့် အုပ်ချုပ်ရေးစနစ်များကို စီမံခန့်ခွဲသည်။

## ကျောင်းရုံး နှင့် စီမံခန့်ခွဲရေးဆိုင်ရာ အချက်အလက်များ

**ကျောင်းရုံးအချိန်ဇယား**

- အချိန် : နံနက် ၈:၁၅ မှ ညနေ ၄:၃၀ အထိ
- နေ့ရက် : တနင်္လာ မှ သောကြာနေ့ အထိ
- ရုံးပိတ်ရက်များ : စနေ၊ တနင်္ဂနွေ နှင့် အစိုးရ ရုံးပိတ်ရက်များ

မိဘများနှင့် အုပ်ထိန်းသူများသည် ပညာရေး၊ ဘဏ္ဍာရေးနှင့် စီမံခန့်ခွဲမှုဆိုင်ရာ သိလိုသည်များကို ကျောင်းရုံးဖွင့်ချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ကျောင်းသားတစ်ဦးစီ၏ ဘေးကင်းလုံခြုံရေးနှင့် ကျန်းမာရေးအတွက် ကျောင်းတွင် မိသားစုအားလုံး၏ တိကျသော နောက်ဆုံးရအချက်အလက်များ ရှိရန် အရေးကြီးပါသည်။ ကျောင်းသား/သူများ၏ မိသားစုများသည် ပညာသင်နှစ်အတွင်း နေရပ်ပြောင်းရွှေ့ခြင်း သို့မဟုတ် အဆက်အသွယ်အချက်အလက်များ ပြောင်းလဲခြင်း ရှိပါက ကျောင်းရုံးသို့ ချက်ချင်းအသိပေး အကြောင်းကြားပေးပါမည်။ မိဘများအနေဖြင့် ပြောင်းလဲခြင်းများရှိပါက အောက်ပါအချက်အလက်များအတိုင်း ကျောင်းရုံးသို့ အမြဲ အသိပေးရပါမည်။

အိမ်လိပ်စာ
အိမ်ဖုန်းနံပါတ်များ
မိုဘိုင်းဖုန်းနံပါတ်များ
အလုပ်ဖုန်းနံပါတ်များ

အထူးသဖြင့် အရေးပေါ် အခြေအနေများနှင့် အရေးကြီးကြေညာချက်များရှိပါက နောက်ဆုံးရ အချက်အလက်များ ရှိခြင်းအားဖြင့် ထိရောက်စွာ ဆက်သွယ် နိုင်ပါသည်။

## ကျောင်းဝင်ခွင့်

- Dream Land International School သည် နောက်ခံနယ်ပယ်အမျိုးမျိုးနှင့် ဘာသာရေးမျိုးစုံမှ ကျောင်းသားတိုင်းအား နွေးထွေးစွာကြိုဆိုလျက်ရှိပါသည်။
- ဝင်ခွင့်ဆုံးဖြတ်ချက်များသည် ကျောင်းသားများ၏ Dream Land သင်ရိုးညွှန်းတမ်းအတိုင်း လိုက်ပါသင်ယူနိုင်သော အရည်အချင်းရှိမှုနှင့် ကျွန်ုပ်တို့၏ သင်ယူမှုအဖွဲ့အစည်းတွင်း ပညာရေး၊ လူမှုရေးနှင့် စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်လာနိုင်မှုတို့အပေါ် အခြေခံပါသည်။
- လေ့လာသင်ယူမှုတွင် အကောင်းဆုံးဖြစ်စေရန်နှင့် ကျောင်းသားကျောင်းသူများကို တစ်ဦးချင်းစီအထိ လိုအပ်သော အကူအညီများပေးနိုင်ပေးနိုင်ရန်အတွက် ကျောင်းတွင် နေရာလွတ်ရှိမှု၊ ကျောင်းသား/သူ၏ ပညာရေးလိုအပ်ချက်များနှင့်ကိုက်ညီမှုရှိ/မရှိ၊ စာသင်ခန်းတစ်ခန်းတွင် တက်ရောက်သင်ကြားနိုင်သော လူဦးရေကန့်သတ်မှုအပေါ်မူတည်ပြီး ဝင်ခွင့်လျှောက်လွှာများကို တစ်နှစ်ပတ်လုံး လက်ခံပါသည်။ ကျောင်းသား/သူများသည် မေလ (၃၁)ရက်နေ့တွင် မိမိတက်ရောက်မည့် အတန်းအလိုက် သတ်မှတ်ထားသော အသက်အရွယ်ကို ရောက်နေရန်လိုအပ်သည်။

## ကျောင်းအပ်သည့် လုပ်ငန်းစဉ်

မိဘ/ အုပ်ထိန်းသူများသည် စာရွက်စာတမ်းများကို အောက်ပါအတိုင်း ဖြည့်စွက်ရန် လိုအပ်ပါသည်။

- အပြည့်အစုံဖြည့်စွက်ထားသော စာရင်းသွင်းခြင်း လျှောက်လွှာ (ကျန်းမာရေးလိုအပ်ချက် ကဏ္ဍများအပါအဝင်)
- လက်ရှိ (သို့) ယခင်ကျောင်းများမှ အနည်းဆုံး လွန်ခဲ့သော ပညာသင်နှစ် တစ်နှစ်စာအတွက် ပညာရေးဆိုင်ရာ အစီရင်ခံစာများ၊ Report Card များ
- ကျောင်းသား/သူ၏ မွေးစာရင်း (မွေးသက္ကရာဇ်နှင့် အသက် အတည်ပြုရန်)
- အိမ်ထောင်စုဇယားမိတ္တူ (မိဘ၏အချက်အလက်များနှင့် နေရပ်လိပ်စာကိုတိကျစွာစာရင်းသွင်းရန်)
- ကျောင်းသား/သူ၏ ပတ်စပို့ ဓာတ်ပုံ (၂) ပုံ (၁.၅ လက်မ မှ ၁.၈ လက်မ ကာလာဖြင့်)

## လိုအပ်သော ငွေကြေးပေးချေမှုများ

- ကျောင်းဝင်ခွင့် စာမေးပွဲကြေး
- မှတ်ပုံတင်ကြေး
- ကျောင်းလခ
- တစ်နှစ်စာ စာရွက်စာတမ်းကြေး
- Uniform ဝတ်စုံကြေး
- လက်ရှိ ကျောင်းမှ သတ်မှတ်ထားသော အခြားဝန်ဆောင်ခများ

## ကျောင်းဝင်ခွင့် စာမေးပွဲနှင့် အစီအစဥ်များ

- ကျောင်းအပ်နှံလိုသော ကျောင်းသား/သူများသည် အသက်အရွယ်ပေါ်မူတည်၍ Year 1 မှ Year – 11 ထိ သက်ဆိုင်ရာ ဝင်ခွင့် စာမေးပွဲများကို ဖြေဆိုရမည်။
- ဝင်ခွင့် စာမေးပွဲများ ပြီးဆုံးပါက သက်ဆိုင်ရာ ခေါင်းဆောင်အား အချက်အလက် အားလုံးပေးပြီး ကျောင်းသား/သူများ၊ မိဘများနှင့် တွေ့ဆုံဆွေးနွေးပါသည်။
- အတန်းငယ်များ (Preschool) သည် ကျောင်းမှတာဝန်ခံနှင့် လူတွေ့စစ်ဆေးရန်လိုအပ်ပါသည်။

## အတန်းသတ်မှတ်ခြင်း

ကျောင်းသားများအား 'ဦးစွာလာရောက်အပ်နှံသူများအား ဦးစွာဝင်ခွင့်ရ' ပုံစံဖြင့် အတန်းနေရာပေးသော်လည်း အောက်ပါချွင်းချက်များရှိပါသည်-

- ကျောင်းတွင် မောင်နှမရှိသူများကို ဦးစားပေးပါမည်။
- မိသားစုတစ်စုမှကလေးအားလုံးအတွက် လုံလောက်သောနေရာရှိစေရန် ကျောင်းတွင် မိသားစုဝင်ရှိသူများမှ လျှောက်ထားသူများကို ဦးစားပေးမည်။
- Dream Land ဝန်ထမ်းများ၏ ကလေးများကို ဦးစားပေးပါမည်။

## အသက်အရွယ် အလိုက် အတန်းသတ်မှတ်ခြင်း

- ကျောင်းသား/သူများကို တက်ရောက်မည့်ပညာသင်နှစ်၏ မေလ ၃၁ ရက်နေ့တွင် ကျရောက်သော ၎င်းတို့၏ အသက်အပေါ်မူတည်ပြီး တက်ရောက်ရမည့် အတန်းကို အောက်ပါအတိုင်း သတ်မှတ်ပါသည်။

| **Level** | **Year** | **Age** |
|---|---|---|
| Preschool | Early Years | 3-5 years |
| Year 1 | Primary | 5-6 years |
| Year 2 | Primary | 6-7 years |
| Year 3 | Primary | 7-8 years |
| Year 4 | Primary | 8-9 years |
| Year 5 | Primary | 9-10 years |
| Year 6 | Primary | 10-11 years |
| Year 7 | Lower Secondary | 11-12 years |
| Year 8 | Pre IGCSE | 12-13 years |
| Year 9 | Pre IGCSE | 13-14 years |
| Year 10 | IGCSE | 14-15 years |
| Year 11 | IGCSE | 15-16 years |

- ကျောင်းသည် ခွဲခြားဆက်ဆံခြင်းမရှိသော ကျောင်းအပ်ခြင်းမူဝါဒကို ကျင့်သုံးသော်လည်း စိတ်ပိုင်းဆိုင်ရာ၊ ခံစားမှုပိုင်းဆိုင်ရာ (သို့) ရုပ်ပိုင်းဆိုင်ရာ မသန်စွမ်းမှုရှိသည့် ကျောင်းသားများအား အလုံးစုံပြီးပြည့်စုံသော ပံ့ပိုးကူညီမှုများပေးနိုင်ရန် လုံလောက်သော လူ့စွမ်းအားနှင့်အသိပညာ အရင်းအမြစ်များ မရှိနိုင်ပါ။
- ကျောင်းအုပ်ကြီးသည် ပညာရေးဆိုင်ရာ မှတ်တမ်းများ၊ ဝင်ခွင့် စာမေးပွဲ စစ်ဆေးမှုများ နှင့် ဆရာများ၏ ထောက်ခံချက်များကို ပြန်လည် သုံးသပ်ပြီးနောက် ဝင်ခွင့်လက်ခံခြင်းများကို အဆုံးအဖြတ်ပေးပါသည်။ မိဘများ၏ နှစ်သက်မှုများကို ထည့်သွင်းစဥ်းစားသော်လည်း အတန်းသတ်မှတ်ခြင်းဆိုင်ရာ ဆုံးဖြတ်ချက်များကို စီမံခန့်ခွဲရေး အဖွဲ့မှ ချမှတ်ပါသည်။

## မှတ်ပုံတင်ခြင်းကာလ

နှစ်စဉ်သတ်မှတ်ထားသော မှတ်ပုံတင်စာရင်းသွင်းကာလ မစမီတွင် ကျောင်းသားမိဘများထံသို့ မှတ်ပုံတင်စာရင်းသွင်းကာလနှင့် ပတ်သတ်သည့် အသေးစိတ်အချက်အလက်များကို မျှဝေသွားမည်ဖြစ်ပါသည်။ အစောပိုင်း မှတ်ပုံတင်စာရင်းသွင်းသူများအတွက် အစောပိုင်းမှတ်ပုံဝတင်စားရင်းသွင်း လျှော့ဈေးများ ပေးအပ်သွားမည်ဖြစ်ပါသည်။ မှတ်ပုံတင်စာရင်းသွင်းခြင်းအားလုံးကို ဦးစားပေးစနစ်ဖြင့် စီမံခန့်ခွဲသွားမည် ဖြစ်ပါသည်။ Dream Land International School အနေဖြင့် ကျောင်းသားမိဘများအား လိုအပ်သောကြိုတင်ပြင်ဆင်မှုများပြုလုပ်ထားရန်နှင့် သတ်မှတ်ထားသော မှတ်ပုံတင်စာရင်းသွင်းကာလအတွင်း ငွေပေးချေမှုများကို ပြီးစီးအောင်ပြုလုပ်ရန် မေတ္တာရပ်ခံ အကြံပြုအပ်ပါသည်။

## ငွေပေးသွင်းခြင်း

- စာရင်းပေးသွင်းရန် ကျောင်းသားသစ်များအနေဖြင့် ပထမဆုံးအကြိမ် ကျောင်းလခ(၂)လစာ၊ ကျောင်းသားဟောင်းများ အနေဖြင့် ပထမဆုံးအကြိမ် ကျောင်းလခ (၁)လစာကို ပေးသွင်းရမည်။ ကျန်သောလများအတွက် လစဉ်ပေးသွင်းနိုင်သည်။ ကျောင်းလခများကို လစဉ် ၂၅ ရက်မှ ၁ ရက်အတွင်း ပေးသွင်းရမည်။ နောက်ကျပါက သတ်မှတ်ထားသည့် ဒဏ်ကြေးကို နောက်ကျသော ရက်အလိုက် ကောက်ခံမည်ဖြစ်ပါသည်။
- ပထမဆုံးပေးသွင်းထားသော School Fees, Worksheet/Material Fees, Registration Fees များကို မည်သည့်အခြေအနေမျှဖြင့် ပြန်လည်ထုတ်ပေးခြင်း၊ လွှဲပြောင်းခြင်း ပြုမည်မဟုတ်ပါ။ ။
- ကျောင်းလခကို(၃)လစာ၊ (၆)လစာ၊ (၁)နှစ်စာ အဖြစ် Percentage ဖြင့်ပေးသွင်းထားသူများသည် မိမိတို့ကျောင်းဘက်မှ အခြေနေ တစ်စုံတစ်ရာ ဖြစ်ပေါ်လာသည်မှ လွဲ၍ ကျောင်းသားများဘက်မှ အကြောင်းကြောင်းကြောင့် မတက်ရောက်နိုင်ခြင်းအတွက် refund ပြန်ရမည်မဟုတ်ကြောင်းအသိပေးအပ်ပါသည်။
- ကျောင်းလခနှင့်အခြားကြွေးကျန်များရှိပါက Academic Records(ပညာရေးမှတ်တမ်းများ) နှင့် Report Card၊ ကျောင်းပြောင်းလက်မှတ်များထုတ်ပေးမည်မဟုတ်ပါ။

## Dream Land International School ကျောင်းခွဲများအကြား ကျောင်းပြောင်းခြင်း

ကျောင်းခွဲတစ်ခုမှ တစ်ခုသို့ ပြောင်းရွှေ့လိုသော ကျောင်းသားများအနေဖြင့် ကျောင်းအုပ်ကြီးထံမှ ခွင့်ပြုချက်ရပြီးနောက် ကျောင်းပြောင်းလျှောက်လွှာကို ဖြည့်စွက်ရမည်။ ပြောင်းရွှေ့ခွင့် ဆုံးဖြတ်ချက်များသည် မိမိပြောင်းလိုသည့် ကျောင်း၏ နေရာလွတ်ရှိမှုအပေါ်မူတည်မည်ဖြစ်သည်။ ကျောင်းပြောင်းလိုသော ကျောင်းသားများ၏ ဝင်ခွင့် လုပ်ထုံးလုပ်နည်းများ နှင့် အစီအစဉ်များသည် Dream Land သို့ အသစ်ဝင်လိုသော ကျောင်းသားသစ်များအတွက် လုပ်ထုံးလုပ်နည်းများနှင့် အတူတူပင် ဖြစ်သည်။ ကျောင်းခွဲများမှ ကျောင်းအပ်လက်ခံသည့်ဌာနမှ ဝန်ထမ်းများသည် ကျောင်းခွဲများကြား ရွှေ့ပြောင်းရာတွင် အဆင်ပြေချောမွေ့စေရန် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။

## အခြားကျောင်းသို့ ပြောင်းရွှေ့ခြင်းမူဝါဒ

ကျောင်းသား/သူ တစ်ဦးသည် အခြားကျောင်းသို့ လွှဲပြောင်းလိုပါက၊

- မိဘ/အုပ်ထိန်းသူသည် ကျောင်းပြောင်းရန်အတွက် **Transfer Form** ဖြည့်သွင်းရမည်။
- ကျောင်းပြောင်းခြင်းလုပ်ငန်း မလုပ်ဆောင်မီ ပေးရန်ကျန်ရှိနေသော ကျောင်းလခနှင့် အခြားကြွေးကျန်များ၊ ဒဏ်ငွေများ အားလုံးပေးချေထားပြီးဖြစ်ရမည်။
- ကျောင်းပြောင်းခြင်း လုပ်ငန်းလိုအပ်ချက်များအားလုံး စီမံရန်အတွက် အနည်းဆုံး ၁၄ ရက် ကြိုတင် အသိပေးရမည်။
- အထက်ပါအချက်များပြည့်စုံမှသာ Transfer Certificate (ကျောင်းပြောင်းလက်မှတ်) နှင့် ပညာရေး မှတ်တမ်းများနှင့် Report Card ထုတ်ပေးမည်ဖြစ်ပါသည်။

## စာသင်ခန်း အရွယ်အစားနှင့် ကျောင်းသားများအား ပံ့ပိုးကူညီမှု

- Dream Land International School သည် ကျောင်းသားတိုင်းအား ၎င်းတို့နှင့်ထိုက်တန်သည့် အာရုံစိုက်မှုနှင့် လမ်းညွှန်မှုများ ရရှိနိုင်သည့် သင်ယူမှု ပတ်ဝန်းကျင်ကို တန်ဖိုးထားပါသည်။
- အရည်အသွေးမြင့် သင်ကြားခြင်းနှင့် ဘာသာစကားဖွံ့ဖြိုးမှု ခိုင်မာစေရန်အတွက် ကျောင်းသားတစ်ဦးစီ၏ တိုးတက်မှုနှင့် ကောင်းမွန်စွာ နေထိုင်မှုများကို ဆရာ/မ များမှ အာရုံစိုက်နိုင်စေရန်အတွက် အတန်းအရွယ်အစားများကို စနစ်တကျ သေးငယ်စွာ ဖွဲ့စည်းထားသည်။

| Year | Average Class Size |
|---|---|
| Year 1 | 21-25 |
| Year 2 | 21-25 |
| Year 3 | 21-25 |
| Year 4 | 21-25 |
| Year 5 | 21-25 |
| Year 6 | 21-25 |
| Year 7 | 10-20 |
| Year 8 | 8-12 |
| Year 9 | 8-12 |
| Year 10 | 8-12 |
| Year 11 | 8-12 |

- ထပ်ဆောင်းလမ်းညွှန်မှု သို့မဟုတ် တိုးချဲ့လေ့လာမှုများ အတွက် ပံ့ပိုးကူညီမှုများ လိုအပ်နိုင်သည့် ကျောင်းသားတစ်ဦးချင်းစီ အတွက် သင်ကြားရေး ဆရာများ အပြင်၊ သင်ကြားရေးအကူများနှင့် သင်ယူမှုထောက်ပံ့ရေးဝန်ထမ်းများထံမှ ကူညီပံ့ပိုးမှုများ ရရှိနိုင်ပါသည်။

## ပညာသင်နှစ်

Dream Land International School သည် ဒေသဆိုင်ရာအခြေအနေများနှင့် ကိုက်ညီမှုရှိသော နိုင်ငံတစ်ကာ ပြက္ခဒိန်ကို အမှီပြု၍ ပညာသင်နှစ်တစ်နှစ်အတွက် “နှစ်ပိုင်း” ခွဲထားပါသည်။

- ပထမ နှစ်ဝက် : ဇွန်လ မှ စက်တင်ဘာလ
- ဒုတိယ နှစ်ဝက် : အောက်တိုဘာလမှ မတ်လအထိ

ပညာသင်နှစ်တစ်ခုစီတိုင်းတွင် ပျမ်းမျှအားဖြင့် ကျောင်းတက်ရက်ပေါင်း (၃၀၀) ခန့်ပါဝင်ပြီး ပညာရေးဆိုင်ရာ သင်ယူမှု၊ သင်ရိုးညွှန်းတမ်းပြင်ပ ဖွံ့ဖြိုးတိုးတက်မှု၊ အဖွဲ့အစည်းနှင့် ထိတွေ့ဆက်ဆံမှုတို့ကို မျှတအောင်ပြုလုပ်ထားပါသည်။ စာသင် နှစ်ဝက် တစ်ခု၏ကြာချိန်သည် စာမေးပွဲအချိန်ဇယားများနှင့် အစိုးရတရားဝင်ရုံးပိတ်ရက်များအပေါ်မူတည်၍ ပြောင်းလဲနိုင်ပါသည်။ Dream Land ၏ စာသင်နှစ် ကာလများ နှင့် အားလပ်ရက်များပါဝင်သော ပြက္ခဒိန်များကို Dream Land ၏ တရားဝင် ဝက်ဘ်ဆိုဒ်စာမျက်နှာများ နှင့် လူမှုကွန်ရက်စာမျက်နှာများမှ တဆင့် သိရှိနိုင်ပါသည်။

# သင်ရိုးညွှန်းတမ်း အကျဉ်းချုပ်

Dream Land International School သည် ကျောင်း၏ နိုင်ငံတစ်ကာအဆင့်မီစရိုက်လက္ခဏာပုံစံနှင့် မြန်မာနိုင်ငံပညာရေးဝန်ကြီးဌာနမှချမှတ်ထားသော ပညာရေးဆိုင်ရာလိုအပ်ချက်များကိုလဲ ထင်ဟပ်နေစေရန် လိုက်လျောညီထွေအောင်ပြုလုပ်ထားသော အင်္ဂလိပ်သင်ရိုးညွှန်းတမ်းကိုအခြေခံသော သင်ရိုးညွှန်းတမ်းကို ကျင့်သုံးပါသည်။ ကျွန်ုပ်တို့၏ သင်ရိုးညွှန်းတမ်းသည် ပညာရေးဆိုင်ရာထူးချွန်မှု၊ ဖန်တီးနိုင်စွမ်းရှိမှု၊ ဝေဖန်ပိုင်းခြားတွေးခေါ်နိုင်မှု နှင့် နိုင်ငံတစ်ကာယဉ်ကျေးမှုများကိုနားလည်မှု ရှိနိုင်စေရန် ပြုစုပျိုးထောင်ပေးပြီး ကျောင်းသားများအား Cambridge International စာမေးပွဲများ (မူလတန်း၊ အလယ်အနိမ့်တန်းအဆင့်၊ IGCSE/ O Level) တို့ကိုဖြေဆိုရန် သေချာစွာ လေ့ကျင့်ပြင်ဆင်သင်ကြားပေးပါသည်။

## Early Years (Nursery, PreKG, KG)

The Early Year သင်ရိုးညွှန်းတမ်းသည် အခြေခံ ကျောင်းသားများအတွက် သင်ယူမှုနှင့် ဖွံ့ဖြိုးမှုနှင့် ဆက်စပ်နေသော နယ်ပယ် ခုနှစ်ခုမှ တဆင့် ဘက်စုံဖွံ့ဖြိုးတိုးတက်မှု ကို အလေးထားပါသည်။

- English
- Mathematics
- Science
- Phonic
- ICT (Computer)
- PE
- Art & Craft
- Swimming
- Sand & Water Play
- Drama & Role Play
- Story Telling
- Myanmar
- Music

သင်ယူမှုကို စူးစမ်းလေ့လာလိုစိတ်၊ စိတ်ကူးဉာဏ်နှင့် တစ်သက်တာ သင်ယူလိုစိတ်တို့ကို နှိုးဆွပေးရန်အတွက် ကစားနည်းများနှင့် စူးစမ်းရှာဖွေမှုဗဟိုပြု လုပ်ဆောင်ချက်များမှတစ်ဆင့် သင်ကြားပေးပါသည်။

## မူလတန်းနှင့် အလယ်တန်းအဆင့်များ

မူလတန်းနှင့် အလယ်တန်းအဆင့်များတွင် ကျောင်းသား/သူများသည် အဓိကဘာသာရပ်များပါဝင်သည့် ကျယ်ပြန့်ပြီး ဟန်ချက်ညီသော သင်ရိုးညွှန်းတမ်းတစ်ခုတွင် ပါဝင်သင်ယူကြပြီး အခြေခံအသိပညာများနှင့် ကျွမ်းကျင်မှုများကို ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ပါသည်။

## Primary Level (Year 1-3)

| အဓိက ဘာသာရပ်များ | Period Per Week |
|---|---|
| English | 5 |
| Mathematics | 5 |
| Science | 5 |
| Geography | 2 |
| History | 2 |
| ICT | 1 |
| Myanmar | 5 |

| သင်ရိုးညွှန်းတမ်းပြင်ပ ဘာသာရပ်များ | **Period Per Week** |
|---|---|
| Art | 2 |
| Physical Education | 1 |
| Music | 2 |
| ESL | 1 |
| Global Perspectives | 1 |

## Primary Level (Year 4-6)

| အဓိက ဘာသာရပ်များ | **Period Per Week** |
|---|---|
| English | 5 |
| Mathematics | 5 |
| Science | 5 |
| Geography | 2 |
| History | 2 |
| ICT | 2 |
| Myanmar | 5 |

| သင်ရိုးညွှန်းတမ်းပြင်ပ ဘာသာရပ်များ | **Period Per Week** |
|---|---|
| Art | 2 |
| Physical Education | 1 |
| Music | 2 |
| ESL | 1 |
| Global Perspectives | 1 |

## Secondary Level (Year 7-9)

| အဓိက ဘာသာရပ်များ | **Period Per Week** |
|---|---|
| English | 5 |
| Mathematics | 5 |
| Physics | 2 |
| Chemistry | 2 |
| Biology | 3 |
| Geography, History | 3 |
| ICT | 2 |
| Myanmar | 5 |

| သင်ရိုးညွှန်းတမ်းပြင်ပ ဘာသာရပ်များ | **Period Per Week** |
|---|---|
| Art | 2 |
| Physical Education | 1 |
| Music | 2 |
| ESL | 1 |

သင်ကြားခြင်းနှင့် သင်ယူခြင်းတွင် စူးစမ်းမေးမြန်းခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် သုံးသပ်ဆင်ခြင်ခြင်းတို့ကို အလေးပေးထားခြင်းဖြစ်ပါသည်။ အကဲဖြတ်ခြင်းသည် ပညာရပ်ဆိုင်ရာ အောင်မြင်မှုနှင့် ကိုယ်ရည်ကိုယ်သွေး တိုးတက်မှုတို့ကို စဉ်ဆက်မပြတ် တိုင်းတာရန် အတွက် ရည်ရွယ်ထားခြင်းဖြစ်ပါသည်။

## Cambridge IGCSE / O Level (Years 10–11)

IGCSE (International General Certificate of Secondary Education) သည် အလယ်တန်းအဆင့် သင်ရိုးညွှန်းတမ်း၏ ထိပ်ဆုံးရလဒ်အဖြစ် ရပ်တည်ပြီး AS/A Level သို့မဟုတ် ညီမျှသည့် အဆင့်မြင့် ပညာရေး အစီအစဉ်များအတွက် ခိုင်မာသော ပညာရေးအခြေခံအုတ်မြစ်ကို ချပေးပါသည်။
ကျောင်းသား/သူများသည် ၎င်းတို့၏ ကမ္ဘာလုံးဆိုင်ရာ အဆင့်မြင့် ပညာရေးလမ်းကြောင်းများအတွက် ပြင်ဆင်ပေးသည့် အဓိကဘာသာရပ်များနှင့် ရွေးချယ်ဘာသာရပ်များ၏ ဟန်ချက်ညီသော ပေါင်းစပ်မှုကို လေ့လာသင်ယူကြပါသည်။
**သင်ကြားပေးသော ဘာသာရပ်များ**

**အဓိကဘာသာရပ်များ**

English as a First or Second Language (FL/SL)
Extended Mathematics
Biology
Chemistry
Physics
Myanmar Language and Culture

**ရွေးချယ် ဘာသာရပ်များ** (**ကျောင်းသား၏ စိတ်ဝင်စားမှုနှင့် ပညာရပ် စွမ်းရည်အပေါ်မူတည်ပါသည်**)

Additional Mathematics
ICT
Computer Science

ကျောင်းသား/သူ များအား ကျောင်းနှင့် လူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ရန် မျှော်မှန်းထားပြီး ၎င်းတို့၏ တာဝန်ယူမှု၊ ဖန်တီးနိုင်မှုနှင့် လေးစားမှု တန်ဖိုးများကို ပြသခြင်းသည် **Dream Land International School** ၏ ရည်ရွယ်ချက် ကို ပြည့်စုံသွားစေပါသည်။

## အိမ်စာဆိုင်ရာ မူဝါဒများ

အိမ်စာသည် သင်ယူမှုတိုးတက်စေရန်အားဖြည့်ပေးသော အဓိက ကဏ္ဍမှ ပါဝင်ပြီး လွတ်လပ်မှုရှိခြင်း၊ စည်းကမ်းရှိခြင်းနှင့် တာဝန်ယူမှုရှိခြင်းတို့ကို ပြသနိုင်စေပါသည်။ ဆရာ/မများသည် တစ်ပတ်လျှင် အစီအစဉ်ရှိပြီး အသက်အရွယ်အလိုက်ညီမျှသော အိမ်စာ ၂-၃ ခုကို ပေးမည်ဖြစ်ပြီး ကျောင်းသား၏ လုပ်ဆောင်နိုင်မှုအပေါ်မူတည်၍ အိမ်စာပမာဏတိုးပေးလာမည်ဖြစ်ပါသည်။ ကျောင်းသားများသည် သူတို့ကိုပေးအပ်ထားတဲ့အိမ်စာများကို သပ်သပ်ရပ်ရပ်၊ တိတိကျကျဖြင့် အချိန်မီ ပြီးနိုင်ရန်နှင့် လိုအပ်သော ရှင်းလင်းတင်ပြချက်များကိုပါ ရှာဖွေနိုင်ရန် ရည်ရွယ်ပါသည်။ မိဘများအနေဖြင့် ပံ့ပိုးမှုပေးသော ပတ်ဝန်းကျင်တစ်ခုအဖြစ် ဖန်တီးပေးရန်နှင့် တိုက်ရိုက်ပါဝင်ပတ်သက်မှုမရှိဘဲ တိုးတက်မှုကို စောင့်ကြည့်ရန် တွန်းအားပေးပါသည်။ အိမ်စာပြီးမြောက်အောင် မလုပ်ဆောင်ပါက သတိပေးခြင်း၊ အမှတ်လျှော့ချခြင်း

သို့မဟုတ် အထူးကြပ်မတ်သင်ယူခြင်းများ ရှိလာမည်ဖြစ်ပါသည်။ ထို့သို့ မပြီးမြောက်မှုများ ထပ်ခါတလဲလဲ ဖြစ်ပေါ်လာပါက မိဘ-ဆရာ အစည်းအဝေး ပြုလုပ်ခြင်း(သို့မဟုတ်) အပြစ်အမှုအတွက် အမှတ်ပေးနည်းစနစ်တွင် သက်ရောက်မှုရှိခြင်းများဖြစ်လာနိုင်ပါသည်။

## ကျောင်းပြင်ပ သင်ကြားပို့ချပေးမှု

သင်ကြားရေးတွင် တရားမျှတမှု၊ ပညာရှင်စိတ်ဓာတ်နှင့် ရိုးသားဖြောင့်မတ်မှုကို ထိန်းသိမ်းရန်အတွက် Dream Land International Schoolမှ ဆရာများနှင့် ဝန်ထမ်းများအား ပုံမှန်ကျောင်းအချိန်ပြင်ပတွင် လက်ရှိစာရင်းသွင်းထားသော ကျောင်းသားများအား ပုဂ္ဂလိက သင်ကြားပို့ချခြင်း သို့မဟုတ် ငွေကြေးဖြင့် ပညာရေးဆိုင်ရာ အကူအညီများပေးခြင်းကို တင်းကျပ်စွာတားမြစ်ထားပါသည်။ ထိုစည်းကမ်းများသည် သင်ယူသူအားလုံးအတွက် ပညာရေးဆိုင်ရာအကူအညီရရှိမှု တန်းတူညီမျှစေရန်၊ အကျိုးစီးပွား ပဋိပက္ခဖြစ်နိုင်ခြေကို ကာကွယ်ရန်နှင့် ဆရာ-ကျောင်းသားဆက်ဆံရေး၏ ပွင့်လင်းမြင်သာမှုကို ကာကွယ်ရန် ရည်ရွယ်ပါသည်။ ၎င်းသည် မြင့်မားသော ကိုယ်ကျင့်တရားနှင့် ပညာရေးဆိုင်ရာ စံချိန်စံညွှန်းများကို ထိန်းသိမ်းရန် ကျောင်း၏ ပြဋ္ဌာန်းချက်များကိုလည်း ပိုမိုတိုးတက်၍ ခိုင်မာစေပါသည်။

## ကျောင်းတွင်း စမ်းသပ်စစ်ဆေးမှုများနှင့် စာမေးပွဲများ

- ကျောင်းအတွင်းစစ်ဆေးခြင်းနှင့် စာမေးပွဲများသည် ကျောင်း၏ ပညာရေးဆိုင်ရာ အစီအစဉ်၏ အဓိကအစိတ်အပိုင်းတစ်ခုဖြစ်ပြီး Cambridge အခြေခံ စစ်ဆေးမှုနှင့် IGCSE ကဲ့သို့သော အရည်အချင်းသတ်မှတ်ချက်များအတွက် ကျောင်းသားများ၏ နားလည်မှု၊ တိုးတက်မှုနှင့် ပြင်ဆင်မှုအခြေအနေကို အကဲဖြတ်ရန် ရည်ရွယ်ဖွဲ့စည်းထားခြင်းဖြစ်ပါသည်။
- စာသင်နှစ်၏ သင်တန်းကာလ တစ်ခုစီတွင် ဟန်ချက်ညီသော အကဲဖြတ်မှုရရှိစေရန် ကျောင်းသား၏ တိုးတက်မှုကို စဉ်ဆက်မပြတ် အကဲဖြတ်ခြင်း နှစ်ကြိမ်နှင့် အကျဉ်းချုပ်အကဲဖြတ်မှု တစ်ကြိမ် ပါဝင်ပါသည်။ စဉ်ဆက်မပြတ်အကဲဖြတ်မှုများသည် ကျောင်းသားများ၏ တိုးတက်မှု၊ ပါဝင်ဆောင်ရွက်မှုနှင့် လုပ်ဆောင်နိုင်စွမ်းတသမတ်တည်းရှိမှုတို့ကို ခြေရာကောက်ပြီး လက်ရှိဖြစ်ပျက်နေသည့်အတိုင်း အကဲဖြတ်ချက်ပေးပါသည်။ သင်တန်းကာလအဆုံးတွင် ပြုလုပ်သော အကျဉ်းချုပ်အကဲဖြတ်မှုသည် စွမ်းဆောင်ရည်အလုံးစုံနှင့် သင်ခန်းစာအကြောင်းအရာများကို ကျွမ်းကျင်တတ်မြောက်မှုကို တိုင်းတာအကဲဖြတ်ပါသည်။ ဤအကဲဖြတ်မှုနှစ်မျိုးပေါင်းစပ်ခြင်းဖြင့် ကျောင်းသား၏စွမ်းဆောင်ရည်ကို တရားမျှတပြီး ကျယ်ကျယ်ပြန့်ပြန့် ထင်ဟပ်စေပါသည်။
- ကျောင်းသားများအနေဖြင့် အကဲဖြတ်မှုများကို အချိန်မှန်တက်ရောက်ရန်နှင့် စာမေးပွဲစည်းမျဉ်းများကို လိုက်နာရန် လိုအပ်ပါသည်။ မတက်ရောက်နိုင်ပါက ဆေးလက်မှတ်တင်ပြရပါမည်။ ပညာရေးဆိုင်ရာ ရိုးသားဖြောင့်မတ်မှုသည် အလွန်အရေးကြီးပါသည်။ လိမ်လည်လှည့်ဖျားခြင်း (သို့) သူတစ်ပါးဆီမှ ခိုးချခြင်းများအား ပြင်းထန်စွာ တုံ့ပြန်ဆောင်ရွက်မည်ဖြစ်သည်။ ရလဒ်များသည် လျှို့ဝှက်ချက်ဖြစ်ပြီး မိဘများနှင့် ခွင့်ပြုချက်ရှိသူများကိုသာ မျှဝေပါမည်။ သင့်လျော်သော ပြင်ဆင်မှုရှိစေရန်အတွက် အချိန်ဇယားကို ကြိုတင်အသိပေးပါမည်။

| **စာသင်နှစ်** | **စာမေးပွဲအမျိုးအစား** | **မှတ်ချက်** |
|---|---|---|
| **First Term** | Continuous Assessment 1 | Covers topics taught in June-July |
| | Continuous Assessment 2 | Covers topics taught in July-August |
| | Term 1 Exam (Summative Assessment) | Covers topics taught in Term 1 |
| **Second Term** | Continuous Assessment 1 | Covers topics taught in October-November |
| | Continuous Assessment 2 | Covers topics taught in December-January |
| | Term 2 Exam (Summative Assessment) | Covers topics taught in Term 2 |

## အဆင့်သတ်မှတ်ခြင်းနှင့် အကဲဖြတ်ခြင်း

| **Grade** | **Percentage (%)** | **Description** |
|---|---|---|
| A* | 90-100 | Excellent |
| A | 80-89 | Good |
| B | 70-79 | Good |
| C | 60-69 | Satisfactory |
| D | 50-59 | Satisfactory |
| E | 40-49 | Unsatisfactory |
| U | 0-39 | Improvement Required |

## မိဘများအား အကြောင်းကြားခြင်းနှင့် မိဘများ ပူးပေါင်းပါဝင်ခြင်း

- ကျောင်းနှင့် အိမ်တို့ကြား ထိရောက်သော ဆက်သွယ်ဆောင်ရွက်မှုသည် ကျောင်းသား/သူတိုင်း၏ တိုးတက်မှုနှင့် အောင်မြင်မှုအတွက် အလွန်အရေးကြီးပါသည်။
- ကျောင်းသည် မိဘများအား ၎င်းတို့ ကလေး၏ ပညာရေးဆိုင်ရာ တိုးတက်မှု၊ ကြိုးစားအားထုတ်မှု၊ ကိုယ်ရည်ကိုယ်သွေး ဖွံ့ဖြိုးတိုးတက်မှုတို့နှင့် ပတ်သက်၍ ရှင်းလင်းတိကျပြီး ပွင့်လင်းမြင်သာသော အကဲဖြတ်ချက်များကို မိဘများထံ ပေးအပ်ရန် ပြဌာန်းထားပါသည်။
- ကျောင်းသား/သူတို့၏ ပညာရေးဆိုင်ရာ တိုးတက်မှုအခြေအနေကို မိဘများ သိရှိနိုင်ရန်အတွက် အစီရင်ခံစာများကို တစ်နှစ်လျှင် သုံးကြိမ် ထုတ်ပြန်ပေးပါသည်။ ပညာသင်နှစ် အစပိုင်းတွင် ဘာသာရပ်ဆိုင်ရာ ဆရာ/ဆရာမ အားလုံးနှင့် ၎င်းတို့၏ အရည်အချင်းများကို မိဘများထံ မိတ်ဆက်ပေးရန်အတွက် ဆရာ/ဆရာမများအား မိတ်ဆက်ပွဲ ("Meet the Teacher") ကျင်းပပြုလုပ်ပေးပါသည်။ ထို့အပြင် ကျောင်းသား/သူ တစ်ဦးချင်းစီ၏ တိုးတက်မှုကို အသေးစိတ် ဆွေးနွေးနိုင်ရန်အတွက် မိဘ-ဆရာ အစည်းအဝေးများ (PTMs) ကို တစ်နှစ်လျှင် နှစ်ကြိမ် ပြုလုပ်ကျင်းပပါသည်။ Report Card တစ်ခုစီတွင် ပညာရေးဆိုင်ရာ စွမ်းဆောင်မှု၊ ကျောင်းတက်ရောက်မှု၊ သင်ရိုးညွှန်းတမ်းပြင်ပ ဘာသာရပ်များအတွက် အောင်မြင်မှုများ၊ ကြိုးစားအားထုတ်မှုအဆင့် နှင့် ဆရာ/ဆရာမ၏ မှတ်ချက်များ ပါဝင်ပြီး ကျောင်းသား/သူတစ်ဦး၏ ဖွံ့ဖြိုးတိုးတက်မှုအား စုံလင်စွာ သိရှိနိုင်ရန် ရည်ရွယ်ပါသည်။

- မိဘများအား အစီရင်ခံစာများအားလုံးကို ဂရုတစိုက်သုံးသပ်ရန်၊ အကဲဖြတ်ချက်များနှင့်ပတ်သက်၍ မိမိတို့၏ကလေးနှင့် ပွင့်လင်းစွာဆွေးနွေးရန်နှင့် လိုအပ်ပါက ရှင်းလင်းချက် (သို့) အခြားလမ်းညွှန်မှုများ ရယူရန်အတွက် ဆရာ/ဆရာမများ သို့မဟုတ် ဌာနခွဲတာဝန်ခံများထံ ဆက်သွယ်ရန် အားပေးထောက်ခံပါသည်။

## ဂုဏ်ထူးဆောင်ဆုများနှင့် အောင်မြင်မှုများ

Dream Land International School သည် ဆုချီးမြှင့်ခြင်းနှင့် အသိအမှတ်ပြုခြင်း အစီအစဉ်မှတစ်ဆင့် ကျောင်းသား/သူများ၏ ပညာရေးဆိုင်ရာ အောင်မြင်မှုများနှင့် စိတ်အားထက်သန်မှုများကို ဂုဏ်ပြုကျင်းပပါသည်။ ကျောင်းသား/သူများ၏ တိုးတက်မှုနှင့် ထူးချွန်မှုများကို အသိအမှတ်ပြုရန်အတွက် နှစ်စဉ် နှစ်ပတ်လည် ဆုချီးမြှင့်ပွဲအခမ်းအနားများကို အတန်းအားလုံးတွင် ကျင်းပပြုလုပ်ပါသည်။ ဆရာ/ဆရာမများနှင့် အတန်းပိုင်ဆရာများသည် ပညာရေးဆိုင်ရာ စွမ်းဆောင်ရည်ကို အခြေခံ၍ ကျောင်းသား/သူများကို ရွေးချယ်အဆိုပြုပါသည်။ နှစ်ပတ်လည်ဆုချီးမြှင့်ပွဲအခမ်းအနားတွင် အတန်းတစ်ခုစီမှ အထူးချွန်ဆုံး ကျောင်းသား/သူများအား ပညာရေးဆိုင်ရာ ထူးချွန်မှုအတွက် ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုများ ချီးမြှင့်ပါသည်။ ဤဆုများကို ပညာသင်နှစ်တစ်လျှောက်လုံး ဘာသာရပ်အားလုံးတွင် မပြတ်မလပ် ထူးချွန်သော ကြိုးစားအားထုတ်မှုနှင့် ထူးကဲသော စွမ်းဆောင်မှုများကို ပြသနိုင်ခဲ့သည့် ကျောင်းသား/သူများအား ပေးအပ်ချီးမြှင့်ပါသည်။
ထို့အပြင် လစဉ်အသိအမှတ်ပြုအစီအစဉ်တစ်ခုအနေဖြင့် ထူးချွန်သော စွမ်းဆောင်ရည်၊ ပုံမှန်ကြိုးစားအားထုတ်မှု၊ သိသာထင်ရှားသော တိုးတက်မှုနှင့် ကောင်းမွန်သည့် စိတ်ထားရှိသည့် ကျောင်းသား/သူများအား ဂုဏ်ပြုပေးပါသည်။ ထိုသို့သောဆောင်ရွက်ချက်များသည် ပညာရေးဆိုင်ရာ အောင်မြင်မှုနှင့် ကိုယ်ရည်ကိုယ်သွေး တိုးတက်မှုဟူသမျှကို မြှင့်တင်ပေးလျက် ကျောင်း၏ စုံလင်သော ပညာရေး ဆောင်ရွက်မှုအတွက် ရည်ရွယ်ချက်ထားရှိမှုကို ရောင်ပြန်ဟပ်နေပါသည်။

## အထူးဆုများ

သာမန်ပညာရေးနှင့် သင်ရိုးပို အသိအမှတ်ပြုမှုများအပြင်၊ ထူးချွန်သော ပါရမီ၊ ခေါင်းဆောင်မှု၊ ဖန်တီးမှုစွမ်းရည် သို့မဟုတ် ကျောင်းအသိုင်းအဝိုင်းအတွက် အထူးပံ့ပိုးမှုများ ပြသသည့် ကျောင်းသား/သူများအား ကျောင်းမှ အထူးဆုများ ချီးမြှင့်ပါသည်။ ဤအထူးဆုများသည် သာမန်ပညာရေး သို့မဟုတ် ပြိုင်ဆိုင်မှုအခြေပြု အောင်မြင်မှုများထက် သာလွန်သည့် ထူးခြားသော စွမ်းဆောင်မှုများကို အလေးပေး မီးမောင်းထိုးပြီး ဂုဏ်ပြုကျင်းပခြင်း ဖြစ်ပါသည်။

## ကျောင်းချိန်ပြီးနောက် လှုပ်ရှားမှုများ

Dream Land International School သည် ဖန်တီးနိုင်စွမ်း၊ အသင်းအဖွဲ့လုပ်ဆောင်မှုနှင့် ကိုယ်ရေးကိုယ်တာ တိုးတက်မှုတို့ကို လှုံ့ဆော်ရန်အတွက် ရည်ရွယ်ထားသော စိတ်လှုပ်ရှားဖွယ် လုပ်ဆောင်ချက်များ ကိုစီစဉ်ထားပါသည်။ Year 1 မှ Year 11 အထိ ကျောင်းသားများသည် ၎င်းတို့၏ စိတ်ဝင်စားမှုများနှင့် စွမ်းရည်များကို ထင်ဟပ်စေသည့် ကလပ်များနှင့် လှုပ်ရှားမှုများစွာအနက်မှ အောက်ပါအတိုင်း ရွေးချယ်နိုင်ပါသည်။

- အားကစား - ဘောလုံး၊ ဘက်စကတ်ဘော၊ ကြက်တောင်ရိုက်၊ ရေကူး၊ စားပွဲတင်တင်းနစ်နှင့် ပြေးခုန်ပစ် အားကစား
- ဖန်တီးမှုအနုပညာ - ဂီတ၊ ကခုန်ခြင်းနှင့် ပန်းချီဆွဲခြင်း

- ပညာရေးဆိုင်ရာ ချဲ့ထွင်မှု - စာဖတ်အသင်းနှင့် ဘာသာစကားကလပ်များ

## ဆုံညီစုဝေးပွဲ (Assembly)

**Dream Land International School** တွင် ဆုံညီဆုဝေးခြင်း သည် ကျောင်း၏ အရေးပါသော အစိတ်အပိုင်းတစ်ခု ဖြစ်ပါသည်။ ဆုံညီဆုဝေးခြင်း သည် အောင်မြင်မှုများကို ဂုဏ်ပြုခြင်း၊ စိတ်ကူးအမြင်များ မျှဝေခြင်းနှင့် ကျောင်းစိတ်ဓာတ်ကို တည်ဆောက်ခြင်းတို့အတွက် ကျွန်ုပ်တို့၏ ကျောင်းသားအသိုင်းအဝိုင်းကို စုစည်းပေးပါသည်။ ကျောင်းသား/သူများအားလုံးသည် ဆုံညီဆုဝေးခြင်း များအတွင်း ဂရုတစိုက် နားထောင်ခြင်းနှင့် တင်ဆက်ပြသသူများကို အားပေးခြင်းအားဖြင့် လေးစားမှုကို ပြသရန် မျှော်လင့်ထားပါသည်။

### ပုံမှန် ဆုံညီစုဝေးပွဲများ

Dream Land International School တွင် နိုင်ငံတော်သီချင်းကို လေးစားမှုနှင့် ညီညွတ်မှုဖြင့် သီဆိုပြီးနောက် ကျောင်းအုပ်ကြီးမှစေ့ဆော်မှုပေးသော မိန့်ခွန်းကိုပြောကြားသည့် ပုံမှန်ဆုံညီစုဝေးခြင်းများ ကျင်းပပြုလုပ်ပါသည်။ ဆုံညီစုဝေးပွဲများသည် ကျောင်းသား/သူများနှင့် ဆရာ/ဆရာမများကြားတွင် မျိုးချစ်စိတ်၊ စည်းကမ်းနှင့် ခိုင်မာသော အသိုက်အဝန်းကို ချစ်ခြင်းစိတ်ဓာတ်များဖြင့် မွေးမြူရာတွင် အထောက်အကူပြုပါသည်။

### ဆုံညီစုဝေးပွဲ အချိန်ဇယားများ

| ရက်စွဲ | အတန်းများ | ကြာချိန် |
|---|---|---|
| တနင်္လာနေ့ | Year 1-3 | 8:45 – 9:15 |
| ဗုဒ္ဓဟူးနေ့ | Year 4-6 | 8:45 – 9:15 |
| သောကြာနေ့ | Year 7-11 | 8:45 – 9:15 |

### တစ်ကျောင်းလုံးဆိုင်ရာ ဆုံညီစုဝေးပွဲများ

လွတ်လပ်ရေးနေ့၊ အာဇာနည်နေ့၊ ဆရာများနေ့၊ ပြည်ထောင်စုနေ့ နှင့် သီတင်းကျွတ်ပွဲတော် ကဲ့သို့သော ယဉ်ကျေးမှုဆိုင်ရာနေ့များတွင် ညီညွတ်မှု၊ ပတ်သက်ဆက်နွယ်မှုစိတ်နှင့် ယဉ်ကျေးမှုအထိမ်းအမှတ်များကို မြှင့်တင်ရန်အတွက် ကျောင်းသားထုအားလုံး ပါဝင်သည့် ဆုံညီစုဝေးပွဲများကို ကျင်းပပြုလုပ်ပါသည်။ ဤအခမ်းအနားများသည် ကျောင်းသား/သူများ၊ ဆရာ/ဆရာမများနှင့် ဝန်ထမ်းများအား တူညီသောတန်ဖိုးများကို ဂုဏ်ပြုခြင်း၊ ကွဲပြားမှုများကို ချီးကျူးခြင်းနှင့် မတူညီသော ထုံးတမ်းစဉ်လာများအား လေးစားမှုပြသည့်စိတ်ကို မွေးမြူပေးရန်အတွက် စုစည်းပေးခြင်းဖြစ်ပါသည်။ ထိုပွဲများသည် ကျောင်း၏ အားလုံးပါဝင်နိုင်သော စိတ်ဓာတ်ကို အားကောင်းစေပြီး ကျောင်းသား/သူများအား ကျေးဇူးသိစိတ်၊ အသင်းအဖွဲ့လုပ်ဆောင်မှုနှင့် ယဉ်ကျေးမှုဆိုင်ရာဂုဏ်ယူစိတ်များကို သင်ကြားပေးလျက် စိုလင်ထူးချွန်သော ကမ္ဘာ့နိုင်ငံသားကောင်းများ အဖြစ် ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ပံ့ပိုးပေးပါသည်။

## မွေးနေ့ပွဲများကျင်းပခြင်း

Dream Land International School သည် ကျောင်းသား/သူများ၏ မွေးနေ့များကို ရိုးရိုးရှင်းရှင်းနှင့် အားလုံးပါဝင်နိုင်သော နည်းလမ်းဖြင့် ကျင်းပပေးပါသည်။ မိဘများအနေဖြင့် အတန်းထဲတွင် မျှဝေရန် ကိတ်မုန့်အသေးစားများ သို့မဟုတ် ကွတ်ကီးများကဲ့သို့သော အချိုပွဲအသေးစားများ ပို့နိုင်သော်လည်း ကိတ်မုန့်အကြီးစားများ၊ လက်ဆောင်ပစ္စည်းများနှင့် ပါတီပွဲများပြုလုပ်ခွင့် မပြုပါ။ မွေးနေ့ပွဲသို့ ပို့ဆောင်သည့် အချိုပွဲအားလုံးသည် သာမန်ဓာတ်မတည့်စေသော ပစ္စည်းများ ကင်းစင်ပြီး ဘေးကင်းရသည့် အစားအစာဖြစ်ရပါမည်။ ထို့အပြင် ကျောင်းကို ကြိုတင်အသိပေးရမည် ဖြစ်ပါသည်။ မွေးနေ့အထိမ်းအမှတ်များကို သင့်တော်သော အချိန်တစ်ခုတွင် ဆရာ/ဆရာမမှ တိုတောင်းစွာလုပ်ဆောင်ပြီး သင်ခန်းစာများကို အနှောင့်အယှက်မဖြစ်စေရန် စီမံဆောင်ရွက်ပေးမည် ဖြစ်ပါသည်။

## နားချိန်နှင့် နေ့လယ်စာချိန် အတွင်း ပြုမူကျင့်ကြံမှုဆိုင်ရာ စည်းမျဉ်းများ

ကျောင်း၏ နားချိန်နှင့် နေ့လယ်စာစားချိန်များကို ကျောင်းသား/သူများအတွက် အနားယူရန်၊ စွမ်းအားပြန်လည်ဖြည့်တင်းရန်နှင့် အပြုသဘောဆောင်သော လူမှုရေးဆက်ဆံရေးများ တည်ဆောက်ရန် အဖိုးတန်အခွင့်အရေးများအဖြစ် ရှုမြင်ပါသည်။ ဤသို့ပြုလုပ်ရာတွင် အတန်းချိန်များအတွင်း မျှော်မှန်းထားသော လေးစားမှုနှင့် စည်းကမ်းအဆင့်အတိုင်း ထိန်းသိမ်းရပါမည်။ ကျောင်းသားအားလုံးသည် ၎င်းတို့၏ ထမင်းစားချိန်ကို သတ်မှတ်ထားသော ထမင်းစားခန်းများ (ဥပမာ- ကျောင်းစားသောက်ဆိုင်) တွင် စားသုံးရပါမည်။ ထိုနေရာများတွင် တာဝန်ကျဆရာများက ဘေးကင်းရေး၊ စနစ်တကျရှိရေးနှင့် သင့်လျော်သော ကျန်းမာရေးနှင့်ညီညွတ်သည့် အလေ့အထများ ဆောင်ရွက်နေကြောင်း ကြီးကြပ်ကြည့်ရှုပါသည်။ ကျောင်းသားများသည် အစာမစားမီ လက်ကိုဆေးကြောရန်၊ အစားအသောက်များ လက်ခံရယူစဉ် ယဉ်ကျေးစွာ တန်းစီရန်နှင့် ထမင်းစားစားပွဲထိုင် စည်းကမ်းကောင်းများ ပြသရန် လိုအပ်ပါသည်။ သန့်ရှင်းရေးသည် အားလုံးဝိုင်းဝန်းထမ်းဆောင်ရမည့် တာဝန်တစ်ရပ်ဖြစ်ပြီး ကျောင်းသားတိုင်းသည် ၎င်းတို့၏ စားသောက်သည့်နေရာကို နောက်လာမည့်အုပ်စုအတွက် သန့်သန့်ရှင်းရှင်းထားရှိရပါမည်။ ဤအလေ့အထများကို လိုက်နာခြင်းဖြင့် ကျောင်းသည် အေးချမ်းသာယာပြီး လေးစားဖွယ်ကောင်းသော ပတ်ဝန်းကျင်ကို ဖန်တီးပေးကာ ကျောင်းသားများအား စားသောက်ချိန်တွင်ပျော်ရွှင်စေရန်နှင့် တာဝန်ယူမှုရှိရှိ လူမှုဆက်ဆံမှုပြုနိုင်စေရန် ပံ့ပိုးပေးပါသည်။ ဤသို့ဖြင့် ယဉ်ကျေးဖွယ်ရာကျင့်ဝတ်များနှင့် အသိုက်အဝန်းအတွက် စောင့်ရှောက်မှုစိတ်ဓာတ်များကို ပိုမိုခိုင်မာလာစေပါသည်။

## ကျောင်းကန်တင်း လမ်းညွှန်ချက်များ

ကျောင်းစားသောက်ဆိုင်သည် နံနက် ၉:၀၀ မှ ညနေ ၃:၀၀ ထိ ဖွင့်လှစ်ပြီး ကျောင်းသားများနှင့် ဝန်ထမ်းများအတွက် အာဟာရပြည့်ဝသော အစားအစာများနှင့် မုန့်များ ရရှိနိုင်ပါသည်။ ကျွန်ုပ်တို့၏ ကျောင်းကန်တင်း နှင့် ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့များသည် ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာရွေးချယ်မှုများနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အသိပညာများကို မြှင့်တင်ရန် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

၁။ ကျောင်းသားများအနေဖြင့် စနစ်တကျ တန်းစီခြင်း၊ ကျောင်းကန်တင်းမှဝန်ထမ်းများနှင့် ယဉ်ကျေးစွာ ဆက်ဆံခြင်း အပါအဝင် ကျောင်းကန်တင်းလမ်းညွှန်ချက်အားလုံးကို လိုက်နာရန် မျှော်လင့်ပါသည်။

၂။ သန့်ရှင်းမှုသည် အားလုံး၏ တာဝန်ဝတ္တရားဖြစ်ပြီး ကျောင်းသား/သူများသည် ထမင်းစားပြီးပါက မိမိတို့၏ အမှိုက်များကို သတ်မှတ်ထားသော အမှိုက်ပုံးများတွင် စနစ်တကျ စွန့်ပစ်ပြီး လင်ဗန်းများကို သတ်မှတ်ထားသောနေရာတွင် စနစ်တကျ စီထားရပါမည်။

၃။ ကျောင်းသား/သူများအား ကျန်းမာရေးနှင့် ညီညွတ်သော အစားအစာများ ရွေးချယ်စားသုံးရန် အားပေးထားပြီး ကန်တင်းမှ ဝယ်ယူထားသော အရာများအတွက် မိမိတို့ကိုယ်တိုင် တာဝန်ယူရမည် ဖြစ်ပါသည်။

## ကျန်းမာရေး၊ကောင်းမွန်စွာနေထိုင်မှုနှင့် ဘေးကင်းလုံခြုံရေး

Dream Land International School သည် ကျောင်းသား/သူအားလုံး၏ ကျန်းမာရေး၊ ကောင်းမွန်စွာနေထိုင်မှုနှင့် ဘေးကင်းလုံခြုံရေးကို အထူးအလေးထား ဆောင်ရွက်ပါသည်။

၁။ ဆေးဝါးသောက်သုံးရန် မူဝါဒ - ဆရာဝန်ညွှန်ကြားသည့် ဆေးဝါးများကို မိဘနှင့် ဆရာဝန်နှစ်ဦးစလုံး၏ ခွင့်ပြုချက်ဖြင့်သာ ပေးနိုင်ပါသည်။ ဆေးများသည် မူလအတိုင်းထုတ်ပိုးမှုဖြင့်ရှိရမည်ဖြစ်ပြီး သောက်သုံးရမည့် ပမာဏညွှန်ကြားချက်များ ရှင်းလင်းစွာပါရမည်။ ကျောင်းသားများအား အခြားဆေးကုသမှုခံယူချက်များ လိုအပ်ပါက (သို့မဟုတ်) အိမ်ပြန်ရန်လိုအပ်ပါက မိဘများထံသို့ ချက်ချင်းအသိပေးပါမည်။ ပြင်းထန်သောအခြေအနေများတွင် မိဘများထံသို့ ချက်ချင်းဆက်သွယ်ပြီး လိုအပ်ပါက ကျောင်းမှ အရေးပေါ် ဆေးဘက်ဆိုင်ရာ အကူအညီများ ရယူနိုင်ပါသည်။

၂။ အရေးပေါ်အခြေအနေ ကြိုတင်ပြင်ဆင်မှု - ကျောင်းသား/သူများနှင့် ဆရာ/မများအားလုံး သင့်လျော်သော ဘေးကင်းလုံခြုံရေးလုပ်ထုံးလုပ်နည်းများကို သိရှိနားလည်စေရန်အတွက် မီးဘေး၊ ငလျင်ဘေးနှင့် ကျောင်းအတွင်း အသွားအလာ၊အဝင်အထွက် ပိတ်ဆို့မှုများအတွက် ပုံမှန်လေ့ကျင့်ရေးလုပ်ငန်းများ ဆောင်ရွက်ပါသည်။

၃။ ကူးစက်ရောဂါများ - ဖျားခြင်း၊ အန်ခြင်း၊ ဝမ်းလျှောခြင်း၊ အရေပြားအဖုအပိမ့်ထွက်ခြင်း သို့မဟုတ် ကိုဗစ်-၁၉ ရောဂါလက္ခဏာများပြသနေသော ကျောင်းသားများသည် လုံးဝပြန်လည်ကောင်းမွန်လာသည်အထိ မိမိအိမ်တွင်သာ နေထိုင်ရမည်ဖြစ်ပါသည်။

၄။ မိဘများ၏ တာဝန်များ - မိဘများအနေဖြင့် ကျောင်းသား/သူများတွင် ရောဂါအခံများ၊ ဓာတ်မတည့်မှုများ (သို့မဟုတ်) သောက်သုံးနေရသော ဆေးဝါးများရှိပါက ကျောင်းသို့ အသိပေးရမည်ဖြစ်ပါသည်။ ကျောင်းပတ်ဝန်းကျင် ဘေးကင်းလုံခြုံရေးအတွက် ကျောင်းမှ (ဥပမာ - ရေကျောက်ထွက်ခြင်း၊ ကိုဗစ်-၁၉) ကဲ့သို့သော ကျန်းမာရေးသတိပေးချက်များ ကို အချိန်နှင့်တပြေးညီ ပြုလုပ်ပေးမည်ဖြစ်ပါသည်။

ဤစီမံဆောင်ရွက်ချက်များမှတစ်ဆင့် Dream Land International School သည် ကျောင်းသား/သူများနှင့် ဆရာ/မအားလုံးအတွက် စနစ်တကျ ပြင်ဆင်ထားသော ဘေးကင်းလုံခြုံပြီး ကျန်းမာသည့် ပတ်ဝန်းကျင်တစ်ခုကို ထိန်းသိမ်းပေးထားပါသည်။

# ကျောင်းသားများ၏ အခွင့်အရေး၊ တာဝန်ဝတ္တရားများနှင့် ခေါင်းဆောင်မှု

## ကျောင်းသားများ၏ အခွင့်အရေး

Dream Land International School သည် ကျောင်းသားအားလုံးအတွက် ပြုစုပျိုးထောင်မှု၊ လေးစားမှု နှင့် ပညာရေးအရ စိန်ခေါ်မှုများပြည့်ဝသည့် ပတ်ဝန်းကျင်တွင် အရည်အသွေးမြင့် ပညာရေးကို သင်ကြားပေးရန် အာမခံပေးသည်။ ကျောင်းသားများသည် ဘေးကင်းလုံခြုံ၍ သန့်ရှင်းသော ပတ်ဝန်းကျင်တွင် သင်ယူခွင့်ရှိပြီး ၎င်းတို့၏ ကိုယ်ပိုင်ပစ္စည်းများနှင့် ကျန်းမာရေးကို လေးစားခံပိုင်ခွင့်ရှိသည်။ ကျောင်းမှ မျှော်မှန်းချက်များနှင့် ပတ်သက်၍ ရှင်းလင်းတိကျသော အသိပေးချက်များကို ရယူပိုင်ခွင့်၊ ကျောင်းဘဝ၏ (ပညာရေး၊ လူမှုရေး၊ ကျောင်းအကူ) လုပ်ငန်းစဉ်အားလုံးကို တန်းတူအသုံးပြုခွင့်၊ လေးစားမှုနှင့် လျှို့ဝှက်ခံခွင့်ဖြင့် အကြံဉာဏ်ရယူနိုင်ခွင့် တို့ဖြင့် ခံစားပိုင်ခွင့်ရှိပါသည်။ အရေးကြီးသည်မှာ ကျောင်းသည် ကျောင်းသားအားလုံး မည်သည့်ပုံစံဖြင့်မဆို ခွဲခြားဆက်ဆံခြင်း၊ ဘက်လိုက်ခြင်း သို့မဟုတ် နှောင့်ယှက်ခြင်းမှ ကင်းလွတ်စေရန် သေချာစွာ ဆောင်ရွက်ပြီး လူတိုင်းအတွက် တရားမျှတမှု၊ ဂုဏ်သိက္ခာနှင့် တန်းတူညီမျှမှုကို အမြဲထိန်းသိမ်းဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

## ကျောင်းသားများ၏ တာဝန်ဝတ္တရား

ကျောင်းသားများအနေဖြင့် မိမိကိုယ်ကိုယ်နှင့် ကျောင်းပတ်ဝန်းကျင်အသိုင်းအဝိုင်းအပေါ် အပြုသဘောဆောင်သော ပုံရိပ်များ ထင်ဟပ်စေရန်အလို့ငှာ အမြဲတမ်း ပြယုဂ်ကောင်းဖြစ်အောင် နေထိုင်ကျင့်ကြံပြီး ပြီးပြည့်စုံသော အပြုအမူ၊ တာဝန်ယူမှုတို့ကို မြင့်မားစွာ ထိန်းသိမ်းရမည်ဖြစ်ပါသည်။ ကျောင်းသား/သူများသည် အချိန်မှန်တတ်ရောက်ပြီး သင်ယူမှုအတွက် အဆင်သင့်ဖြစ်ကာ လေးစားတန်ဖိုးထားမှုရှိရမည့်အပြင် ကျောင်းပစ္စည်းများကိုလည်း စောင့်ရှောက်ရပါမည်။ တစ်ပါးသူအား အနိုင်ကျင့်ခြင်း၊ စော်ကားခြင်းကဲ့သို့သော အပြုအမူများနှင့် ဆေးလိပ်၊ အရက်၊ မူးယစ်ဆေးဝါး သို့မဟုတ် လက်နက်များ လက်ဝယ်ထားရှိခြင်းကို လုံးဝ တင်းကျပ်စွာ ပိတ်ပင်ထားသည်။ ကျောင်းဝတ်စုံကို သပ်ရပ်စွာဝတ်ဆင်ခြင်း၊ စည်းကမ်း ထိန်းသိမ်းခြင်းနှင့် ဘေးကင်းလုံခြုံစေသော အပြုအမူများပြုမူခြင်းသည် ရင့်ကျက်မှုနှင့် ဂုဏ်ယူဝင့်ကြွားမှုကို ပြသခြင်းဖြစ်ပါသည်။ အထူးသဖြင့် ကျောင်းသားများသည် လိမ္မာယဉ်ကျေးမှု၊ ညှိနှိုင်းလုပ်ကိုင်တတ်မှုနှင့် ကိုယ်ကျင့်တရားကောင်းမွန်မှုကို ပြသရပါမည်။ အထက်ပါ တာဝန်ဝတ္တရားများကို လုပ်ဆောင်ခြင်းဖြင့် လေးစားမှုနှင့် ထူးချွန်ကောင်းမွန်သည့်ပညာရေးကို အခြေခံသော ရပ်ရွာလူထုအဖွဲ့အစည်းကို တည်ဆောက်ပြီး ထိန်းသိမ်းစောင့်ရှောက်ရမည်ဖြစ်ပါသည်။

Dream Land International School သည် ကျောင်းသားတိုင်းအား ဘေးကင်းလုံခြုံပြီး ဂုဏ်သိက္ခာရှိရှိ သင်ယူနိုင်သည့် ပတ်ဝန်းကျင်တစ်ရပ်ကို ထိန်းသိမ်းရန် ပြဋ္ဌာန်းထားပါသည်။ ဤ ပြုမူနေထိုင်မှုစည်းမျဉ်း (Code of Conduct) သည် အပြုအမူဆိုင်ရာ ရှင်းလင်းတိကျသော မျှော်မှန်းချက်များကို သတ်မှတ်ပေးပြီး လေးစားမှုရှိပြီး အားလုံးပါဝင်နိုင်သော၊ ပညာရေးကို အဓိကထားသော အသိုင်းအဝိုင်းတစ်ရပ်တည်ဆောက်ရန်အတွက် လမ်းညွှန်ချက်တစ်ခုအဖြစ် အသုံးပြုရန် ရည်ရွယ်ပါသည်။ ကျောင်းသားအားလုံးနှင့် မိဘအုပ်ထိန်းသူများအနေဖြင့် ဤစံနှုန်းများကို ကျောင်းနှင့် ဆက်နွယ်မှုရှိသည့်ကာလအတွင်း ဖတ်ရှုနားလည်ပြီး လိုက်နာကျင့်သုံးရန်မျှော်မှန်းထားပါသည်။

## စည်းကမ်းထိန်းသိမ်းရေး ကော်မတီနှင့် လုပ်ထုံးလုပ်နည်းများ

ကျောင်းသည် ကျောင်းသားများ၏ အပြုအမူဆိုင်ရာ ကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းရာတွင် တရားမျှတမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှုရှိခြင်းတို့ကို သေချာစေရန်အတွက် နေ့စဉ် "စည်းကမ်းထိန်းသိမ်းရေး ကော်မတီ" တစ်ရပ်ကို ဖွဲ့စည်းထားရှိပါသည်။

### ဖွဲ့စည်းပုံ

ကော်မတီတွင် အောက်ပါပုဂ္ဂိုလ်များ ပါဝင်ပါမည်-

၁။ ကျောင်းအုပ်ကြီး (ဥက္ကဋ္ဌ)

၂။ ဒုတိယကျောင်းအုပ်

၃။ အတန်းပိုင်ဆရာ/ဆရာမ

၄။ သက်ဆိုင်ရာ စည်းကမ်းထိန်းသိမ်းရေး အဖွဲ့ဝင်များ (ညှိနှိုင်းရေးမှူး၊ လက်ထောက်ဆရာ/ဆရာမများ၊ ဘာသာရပ်ဆရာ/ဆရာမများ)

စည်းကမ်းစည်းမျဉ်းချိုးဖောက်မှုတစ်စုံတစ်ရာသည် တရားဝင်သုံးသပ်မှုလိုအပ်သည့်အခါ (သို့မဟုတ်) ဖြစ်စဉ်တစ်ခုသည် အတန်းတွင်း စီမံခန့်ခွဲမှုအဆင့်ထက် ပိုမိုကြီးမားလာသည့်အခါ စည်းကမ်းထိန်းသိမ်းရေး ကော်မတီသည် အစည်းအဝေးခေါ်ယူဆွေးနွေးတိုင်ပင်မည်ဖြစ်ပါသည်။

## စည်းကမ်းစည်းမျဉ်းများနှင့် လုပ်ထုံးလုပ်နည်းများ

Dream Land International School တွင် ကျင့်သုံးသော စည်းမျဉ်းစည်းကမ်း ဆိုသည်မှာ ကျောင်းသားကျောင်းသူများ၏ ပြုမူကျင့်ကြံမှု၊ အခွင့်အရေးနှင့် တာဝန်ဝတ္တရားများအားလုံးကို စီမံခန့်ခွဲသည့် စနစ်တကျချမှတ်ထားသော လမ်းညွှန်ဘောင်တစ်ရပ်ကို ရည်ညွှန်းပါသည်။ ၎င်းစည်းမျဉ်းစည်းကမ်းသည် ကျောင်းသားတစ်ဦးချင်းစီ၏ ကိုယ်ရည်ကိုယ်သွေးတိုးတက်မှုနှင့် သင်ယူမှုကို ဦးစားပေးလျက်၊ အပြုအမူဆိုင်ရာကိစ္စရပ်များကို စီမံခန့်ခွဲရာတွင် တရားမျှတမှု၊ တစ်သမတ်တည်းရှိမှုနှင့် တာဝန်ခံမှုတို့ကို မည်သို့ဆောင်ရွက်ပေးသည်ကို ရေးဆွဲဖော်ပြထားပါသည်။ ဤလမ်းညွှန်ဘောင်တွင် လက်စွဲစာအုပ်တစ်ခုလုံးတွင် အသေးစိတ်ဖော်ပြထားသော ပညာရေးဆိုင်ရာ ရိုးသားဖြောင့်မတ်မှု၊ လေးစားမှုထားရှိရသော အမူအကျင့်များ၊ ကျောင်းတက်ရောက်မှုနှင့် အချိန်တိကျမှု၊ ကျောင်းဝတ်စုံစံသတ်မှတ်ချက်များ၊ နည်းပညာအသုံးပြုမှုနှင့် ကျောင်းဝင်းအတွင်း ဘေးကင်းလုံခြုံမှုစသည့် မျှော်မှန်းချက်အားလုံး ပါဝင်ပါသည်။ ၎င်း၏ ရည်ရွယ်ချက်မှာ အပြစ်ပေးရန်မဟုတ်ဘဲ၊ ကျောင်းသားကျောင်းသူများအား ၎င်းတို့၏ ရွေးချယ်မှုများအတွက် နောက်ဆက်တွဲအကျိုးဆက်များကို နားလည်သဘောပေါက်စေရန်၊ ၎င်းတို့၏ လုပ်ရပ်များကို ပြန်လည်သုံးသပ်ဆင်ခြင်စေရန်နှင့် ကိုယ်ကျင့်တရား ဖြောင့်မတ်ခြင်း၊ ကိုယ်ပိုင်စည်းကမ်းထိန်းသိမ်းတတ်ခြင်းနှင့် တာဝန်ယူမှုရှိခြင်းစသော စရိုက်လက္ခဏာကောင်းများ မွေးမြူပြီး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကူညီပေးရန်ဖြစ်ပါသည်။

## အပိုဒ် (၁) - အခြေခံမူဝါဒများ

### မိမိကိုယ်ကို လေးစားမှု

ကျောင်းသား/သူများသည် ဖြောင့်မတ်မှု၊ ရိုးသားမှုနှင့် တာဝန်ယူမှုတို့ဖြင့် ပြုမူဆောင်ရွက်ရန်၊ အပြုသဘော ဆောင်သော ရွေးချယ်မှုများပြုလုပ်ရန်နှင့် မိမိကိုယ်ကို ထိန်းချုပ်နိုင်စွမ်းရှိရန် မျှော်လင့်ပါသည်။
မိမိကိုယ်ကို လေးစားသည်ဆိုသည်မှာ ကိုယ်ကျင့်တရားဆိုင်ရာ နိယာမများကို ထိန်းသိမ်းခြင်း၊ ၎င်းတို့၏ လုပ်ငန်းအပေါ် ဂုဏ်ယူဝမ်းမြောက်ခြင်း၊ ကျန်းမာရေးကို ထိန်းသိမ်းခြင်း၊ ဖိအားအောက်တွင်ပင် ကျင့်ဝတ်ဆိုင်ရာ ဆုံးဖြတ်ချက်များ ချမှတ်ခြင်းကို ဆိုလိုပါသည်။

### ပညာရေးဆိုင်ရာ တာဝန်ယူမှု

ကျောင်းသား/သူများသည် တာဝန်များကို ပြီးစီးအောင်လုပ်ဆောင်ခြင်း၊ သတ်မှတ်ရက်များအတိုင်း လိုက်နာဆောင်ရွက်ခြင်းနှင့် စာသင်ခန်းအတွင်း တက်ကြွစွာပါဝင်ခြင်းဖြင့် ၎င်းတို့၏ သင်ယူမှုအတွက် တာဝန်ရှိပါသည်။ ပညာရေးဆိုင်ရာ တာဝန်ယူမှုတွင် စာလုပ်သည့် အလေ့အကျင့်များ မွေးမြူခြင်း၊ အချိန်စီမံခန့်ခွဲခြင်းနှင့် စနစ်တကျ စီစဉ်နိုင်စွမ်းများကို တိုးတက်အောင်လုပ်ဆောင်ခြင်း၊ တိုးတက်မှုကို ပုံမှန်သုံးသပ်ခြင်းနှင့် လိုအပ်သည့်အခါ အကူအညီရယူခြင်းတို့ ပါဝင်သည်။
ဤကဲ့သို့ ကြိုတင်ပြင်ဆင်သော ချဉ်းကပ်မှုသည် ကိုယ်ပိုင်အုပ်ချုပ်နိုင်စွမ်းကို မြှင့်တင်ပေးပြီး နောင်အနာဂတ် ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အောင်မြင်မှုအတွက် ကျောင်းသား/သူများကို ပြင်ဆင်ပေးပါသည်။

### တစ်ဦးချင်းစီ၏ တာဝန်ယူမှု

ကျောင်းသား/သူများသည် ၎င်းတို့၏ လုပ်ရပ်များအတွက် တာဝန်ယူရမည်၊ အကျိုးဆက်များကို နားလည်ရမည် ဖြစ်ပြီး လိုအပ်ပါက ပြန်လည်သုံးသပ်ပြုပြင်ခြင်း လုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်ရမည်ဖြစ်သည်။ အမှားများကို အသိအမှတ်ပြုခြင်း၊ စိတ်ရင်းမှန်ဖြင့် တောင်းပန်ခြင်းနှင့် ပြန်လည်ပြုပြင်ပေးခြင်းအားဖြင့် ကျောင်းသား/သူများသည် ရင့်ကျက်မှု၊ စိတ်ခံတော်ကြံ့ခိုင်မှု၊ ပြဿနာဖြေရှင်းနိုင်စွမ်းနှင့် စိတ်ခံစားမှုဆိုင်ရာ ဉာဏ်ရည်ဉာဏ်သွေးတို့ကို တိုးတက်စေသည်။ ကျောင်းသည် အပြစ်ပေးခြင်းထက် ဆင်ခြင်သုံးသပ်ခြင်းနှင့် ကြားဝင်ညှိနှိုင်းခြင်းတို့မှတစ်ဆင့် မှားယွင်းမှုများမှ သင်ယူခြင်းကို အလေးထားပါသည်။

### အခြားသူများအား လေးစားမှု

ကျောင်းသား/သူများသည် လူတိုင်းကို ကြင်နာမှုနှင့် လေးစားမှုဖြင့် ဆက်ဆံရမည်၊ ကွဲပြားမှုများကို တန်ဖိုးထားရမည် ဖြစ်ပြီး အားလုံးပါဝင်နိုင်သည့် လုံခြုံနွေးထွေးသော ကျောင်းပတ်ဝန်းကျင်တစ်ခုကို ဖန်တီးရာတွင် ကူညီပေးရမည်။ အခြားသူများအပေါ် လေးစားမှုဆိုသည်မှာ အာရုံစိုက် နားထောင်ခြင်း၊ မတူညီသော ရှုထောင့်များကို ထည့်သွင်းစဉ်းစားခြင်း နှင့် အသိုက်အဝန်းဝင်တစ်ဦးစီသည် ကျောင်းပတ်ဝန်းကျင်သို့ ထူးခြားသော အတွေ့အကြုံများနှင့် ခွန်အားများကို ယူဆောင်လာကြောင်း အသိအမှတ်ပြုခြင်းမှတဆင့် ထင်ရှားစေပါသည်။

## ပါဝင်ခွင့်ရှိသော စကားပြောဆိုမှုနှင့် အပြုအမူ

လူမျိုး၊ ဘာသာ၊ ကျား/မ၊ နိုင်ငံသား သို့မဟုတ် ကိုယ်ပိုင်လက္ခဏာအပေါ် အခြေခံသည့် ဂုဏ်သိက္ခာညှိုးနွမ်းစေသော သို့မဟုတ် ထိခိုက်စေသော စကားလုံးများကို တင်းကြပ်စွာ တားမြစ်ထားသည်။ ကျောင်းသား/သူများသည် အခြားသူများကို လေးစားသော၊ စွဲမှတ်မှုများ (stereotypes) သို့မဟုတ် သိမ်မွေ့စွာ ခွဲခြားဆက်ဆံမှုများ (microaggressions) ကို ရှောင်ရှားသော၊ နှင့် နွေးထွေးသော ပတ်ဝန်းကျင်ကို မြှင့်တင်ပေးသော အားလုံးပါဝင်သည့် ဘာသာစကား (inclusive language) ကို အသုံးပြုသင့်သည်။ ကျောင်းသည် ၎င်းတို့၏ စကားလုံးများ၏ သက်ရောက်မှုကို ကျောင်းသား/သူများ နားလည်စေရန် ကူညီရန် လမ်းညွှန်မှု ပေးပါသည်။

## အငြင်းပွားမှုများ ဖြေရှင်းခြင်း

ကျောင်းသား/သူများသည် ပြစ်တင်ဝေဖန်ခြင်းထက် ဖြေရှင်းနည်းများကို အာရုံစိုက်ကာ မျှတမှု၊ စာနာနားလည်မှုနှင့် လေးစားမှုတို့ဖြင့် ပဋိပက္ခများကို ဖြေရှင်းသင့်ပါသည်။ တည်ငြိမ်စွာ ဆက်သွယ်ပြောဆိုခြင်း၊ နားထောင်ခြင်းနှင့် ဘုံသဘောတူညီချက်များ ရှာဖွေခြင်းတို့သည် အဓိကသော့ချက်များဖြစ်သည်။ ဆရာ/မများနှင့် အကြံပေးပုဂ္ဂိုလ်များက လမ်းညွှန်မှုပေးရန်၊ ကျောင်းသား/သူများအား စာနာနားလည်မှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် ပြဿနာဖြေရှင်းနိုင်စွမ်းများ တည်ဆောက်ရန် ကူညီပေးရန် အသင့်ရှိပါသည်။

## ပစ္စည်းဥစ္စာများကို လေးစားမှု

ကျောင်းသား/သူများသည် ပစ္စည်းများကို တာဝန်ယူမှုဖြင့် အသုံးပြုခြင်း၊ သန့်ရှင်းရေးလုပ်ခြင်း၊ ပျက်စီးမှုများကို သတင်းပို့ခြင်း၊ နှင့် အခြားသူများ၏ ပစ္စည်းများကို ပိုင်ရှင်မသိဘဲအသုံးမပြုခြင်းတို့ဖြင့် ကိုယ်ပိုင်ပစ္စည်း၊ အခြားသူများ၏ပစ္စည်းနှင့် ကျောင်းပစ္စည်းများကို လေးစားရပါမည်။

## ကျောင်းပိုင်ပစ္စည်းများ

ရည်ရွယ်ချက်ရှိရှိ ပျက်စီးအောင် လုပ်ဆောင်ခြင်း သို့မဟုတ် ဖျက်ဆီးခြင်းသည် ငွေကြေးအရ ပြန်လည်ပေးလျော်ရခြင်းနှင့် စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ အရေးယူခြင်းတို့ ခံရမည်ဖြစ်သည်။ ကျောင်းသား/သူများသည် မလျော်မကန် အသုံးပြုခြင်းက ကျောင်းပတ်ဝန်းကျင်ကို ထိခိုက်စေပြီး ပညာရေးအတွေ့အကြုံကို အထောက်အကူပြုနေသည့် ပစ္စည်းများ လျော့နည်းစေသည်ကို သိရှိနားလည်ကာ ကျောင်းပိုင်ပစ္စည်းအားလုံးကို ဂရုတစိုက် ထိန်းသိမ်းရမည်ဖြစ်သည်။

## ကိုယ်ပိုင်ပစ္စည်း

ကျောင်းသည် ပျောက်ဆုံးသွားသော သို့မဟုတ် ခိုးယူခံရသော ပစ္စည်းများအတွက် တာဝန်မရှိသောကြောင့် ကျောင်းသား/သူများသည် အဖိုးတန်ပစ္စည်းများကို ကျောင်းသို့ ယူဆောင်လာခြင်းကို ရှောင်ရှားသင့်သည်။ မိမိတို့၏ ကိုယ်ပိုင်ပစ္စည်းများကို လုံခြုံအောင် ထိန်းသိမ်းရန်၊ ပစ္စည်းများတွင် အမည်တပ်ရန်နှင့် အခြားသူများ၏ ပစ္စည်းများကို ဂရုတစိုက် ကိုင်တွယ်ကာ ချက်ချင်းပြန်ပေးခြင်းဖြင့် အပြန်အလှန် လေးစားမှုရှိပြီး ကျောင်းအတွင်းရှိ လူမှုအသိုင်းအဝိုင်းအတွင်း ယုံကြည်မှုနှင့် စာနာထောက်ထားမှုကို မြှင့်တင်ပေးပါသည်။

# အပိုဒ် (၂) - ပညာရေးတွင် ရိုးသားဖြောင့်မတ်မှု

## ရိုးသားဖြောင့်မတ်သော ပညာရေး၏ အခြေခံမူများ

ပညာရေးဆိုင်ရာ ဖြောင့်မတ်မှု (Academic Integrity) သည် အဓိပ္ပာယ်ပြည့်ဝသော ပညာရေး၏ အခြေခံအုတ်မြစ်ဖြစ်ပြီး ရိုးသားမှု၊ ယုံကြည်မှု၊ မျှတမှု၊ လေးစားမှုနှင့် တာဝန်ယူမှုတို့ လိုအပ်ပါသည်။ ကျောင်းသား/သူများသည် ၎င်းတို့၏ ကိုယ်ပိုင်ဖန်တီးမှုများသာတင်ပြရမည် ဖြစ်ပြီး ၎င်းတို့၏ အသိပညာ၊ နားလည်မှုနှင့် ကြိုးစားအားထုတ်မှုကို တိကျစွာ ထင်ဟပ်စေရမည်။ ထိုသို့လုပ်ဆောင်ခြင်းဖြင့် အဆင့်များနှင့် အရည်အချင်းများသည် ၎င်းတို့၏ စွမ်းရည်များကို စစ်မှန်စွာ ကိုယ်စားပြုကြောင်း အာမခံပါသည်။

## အဓိပ္ပာယ်သတ်မှတ်ချက်များနှင့် စည်းကမ်းချိုးဖောက်မှုများ

ကျောင်းသားတစ်ဦးချင်းစီ၏ တရားမျှတသော သင်ယူမှုပတ်ဝန်းကျင်ကို ထိန်းသိမ်းနိုင်ရန်အတွက် ပညာရေးဆိုင်ရာ မရိုးသားမှုပုံစံများကို ရှင်းရှင်းလင်းလင်း နားလည်ထားရန် အလွန်ပင် အရေးကြီးပါသည်။ အောက်ဖော်ပြပါ အချက်များသည် ကျောင်း၏ ပညာရေးဆိုင်ရာ ရိုးသားဖြောင့်မတ်မှု မူဝါဒကို ချိုးဖောက်သည့် အပြုအမူများ ဖြစ်ပါသည်။

### စာခိုးချခြင်း

ကျောင်းသားများ၏အကျိုးကျေးဇူးအလို့ငှာ ဆရာ၏ခွင့်ပြုချက်ဖြင့် သင်ကြားရေး၊ သင်ယူရေးအတွက် လိုအပ်သော ကိုးကားမှု၊ အတုယူမှုများမှအပ သူတစ်ပါး၏ လက်ရာ၊ စိတ်ကူး သို့မဟုတ် ဖန်တီးထားသော အကြောင်းအရာများကို သင့်လျော်သော အသိအမှတ်ပြုခြင်းမရှိဘဲ မိမိကိုယ်ပိုင်အဖြစ် တင်ပြခြင်းသည် **စာခိုးချခြင်း (Plagiarism)** ဖြစ်သည်။ ယင်းတွင် စာသားကို ကူးယူခြင်း၊ ဂုဏ်ပြုဖော်ပြခြင်းမရှိဘဲ ပြန်လည်အဓိပ္ပာယ် ဖွင့်ဆိုခြင်း၊ အခြားသူများ ပြုလုပ်ထားသော အလုပ်များကို တင်ပြခြင်း သို့မဟုတ် ခွင့်ပြုချက်မရှိဘဲ ရုပ်ပုံများ၊ အသံများ၊ ဗီဒီယိုများ သို့မဟုတ် ကုဒ်များ (code) ကို အသုံးပြုခြင်းတို့ ပါဝင်သည်။ ကျောင်းသားများ၏အကျိုးကျေးဇူးအလို့ငှာ ဆရာ၏ခွင့်ပြုချက်ဖြင့် သင်ကြားရေး၊ သင်ယူရေးအတွက် လိုအပ်သော ကိုးကားမှု၊ လမ်းညွှန်မှုဆိုင်ရာ အတုယူမှုများ ခွင့်ပြုထားသည်။ ခိုးယူမှုသည် ရိုးသားမှုနှင့် ပညာရေးဆိုင်ရာ ဖြောင့်မတ်မှုကို ချိုးဖောက်ခြင်းဖြစ်သည်။

### စာမေးပွဲတွင် မရိုးသားမှုများပြုလုပ်ခြင်း

စာမေးပွဲတွင် မရိုးသားမှုများ ပြုလုပ်ခြင်း (Cheating) ဆိုသည်မှာ မည်သည့် ပညာရေးဆိုင်ရာ တာဝန် သို့မဟုတ် စာမေးပွဲတွင်မဆို ခွင့်ပြုချက်မရှိသော ပစ္စည်းများ သို့မဟုတ် အကူအညီများကို အသုံးပြုခြင်း သို့မဟုတ် အသုံးပြုရန် ကြိုးပမ်းခြင်းဖြစ်သည်။ ယင်းတွင် မှတ်စုများ၊ အီလက်ထရွန်နစ် ကိရိယာများ၊ အခြားသူများထံမှ ကူးယူခြင်း သို့မဟုတ် စစ်ဆေးအကဲဖြတ်မှုများအတွင်း သတင်းအချက်အလက် မျှဝေခြင်းတို့ ပါဝင်သည်။ ခိုးယူခြင်းသည် မျှတမှုနှင့် ပညာရေးဆိုင်ရာ ဖြောင့်မတ်မှုကို ထိခိုက်စေပါသည်။

### ပူးပေါင်းလိမ်လည်ခြင်း

ပူပေါင်းလိမ်လည်ခြင်း (Collusion) ဆိုသည်မှာ တစ်ဦးချင်းစီအတွက် သီးသန့်ပေးအပ်ထားသော တာဝန်များတွင် ခွင့်ပြုချက်မရှိဘဲ ပူးပေါင်းဆောင်ရွက်ခြင်း သို့မဟုတ် အခြားသူတစ်ဦး၏ အလုပ်အဖြစ် တင်ပြနိုင်ရန် မိမိ၏အလုပ်ကို မျှဝေပေးခြင်းကဲ့သို့သော ပညာရေးဆိုင်ရာ မရိုးသားမှုများကို ကျူးလွန်ရာတွင် အခြားသူများကို သိလျက်နှင့် ကူညီခြင်းဖြစ်သည်။ ပူးပေါင်းပါဝင်သော ကျောင်းသား/သူတိုင်းသည် တူညီသော တာဝန်ရှိသည်။

## AI နှင့် ဒစ်ဂျစ်တယ် ကိရိယာများ အသုံးပြုခြင်း

ဆရာ/မမှ တိကျစွာ ခွင့်ပြုချက်မပေးပါက တာဝန်များကို ပြီးမြောက်စေရန်အတွက် AI ကိရိယာများ (ဥပမာ- ChatGPT, Gemini) ကို အသုံးပြုခြင်းကို တားမြစ်ထားသည်။ AI မှ ထုတ်လုပ်ထားသော အလုပ်ကို မိမိကိုယ်ပိုင်အဖြစ် တင်ပြခြင်းသည်စာခိုးချခြင်း (plagiarism) အဖြစ် သတ်မှတ်သည်။ AI အသုံးပြုရန် ခွင့်ပြုထားပါက ကျောင်းသား/သူများသည် ပွင့်လင်းမြင်သာမှုရှိရမည် ဖြစ်ပြီး၊ ၎င်း၏အသုံးပြုမှုကို သင့်လျော်စွာ ကိုးကားဖော်ပြရမည် (cite) ဖြစ်ကာ နည်းပညာကို သင်ယူမှု အထောက်အကူအဖြစ်သာ အသုံးပြုရမည်၊ အစားထိုး အသုံးပြုခြင်း မပြုရပါ။

## ပညာရေးဆိုင်ရာ ရိုးသားမှုမရှိခြင်း၏ နောက်ဆက်တွဲများ

ပညာရေးတွင် ရိုးသားဖြောင့်မတ်မှုဆိုင်ရာ စည်းမျဉ်း ချိုးဖောက်မှုများကို အလွန်ပြင်းထန်စွာ တုံ့ပြန်ကျင့်သုံးမည်ဖြစ်ပါသည်။ ထိုသို့သော ချိုးဖောက်မှုများသည် ကျောင်း၏ ရည်ရွယ်ချက် အနှစ်သာရကို ထိပါးနှောင့်ယှက်သောကြောင့် ဖြစ်ပါသည်။ နောက်ဆက်တွဲအရေးယူမှုများကို သင်ယူမှုနှင့် ပြန်လည်ပြုပြင်ရေး ရှုထောင့်မှ ရည်ရွယ်ချက်ဖြင့် ချမှတ်ထားပြီး ကျောင်းအသိုင်းအဝိုင်း၏ စံနှုန်းများကိုလည်း မြှင့်တင်ပေးပါသည်။ သီးသန့်အရေးယူမှုများကို ချိုးဖောက်မှု၏ သဘောသဘာဝနှင့် ပြင်းထန်မှုအဆင့်၊ ကျောင်းသား၏ တက်ရောက်နေသော အတန်းအဆင့်၊ ယခင်က ထိုသို့ချိုးဖောက်မှု ရှိ/မရှိ များပေါ် မူတည်၍ ဆုံးဖြတ်သွားမည်ဖြစ်ပါသည်။ ပညာရေးဆိုင်ရာ ရိုးသားမှုစည်းမျဉ်းကို ချိုးဖောက်သည့် ကျောင်းသားများသည် တရားမျှတ၍ ပြင်းထန်သော နောက်ဆက်တွဲဆိုးကျိုးများကို ရင်ဆိုင်ရမည်ဖြစ်ပါသည်။ ထိုဆိုးကျိုးများတွင် စာတမ်းများအတွက် သုည အမှတ်ရရှိခြင်း၊ ၎င်းတို့၏ သင်ယူမှုကို ပြသရန် အခြား အိမ်စာတစ်ခု ထပ်မံပြုလုပ်ရခြင်း သို့မဟုတ် ဖြစ်စဉ်ကို ဆွေးနွေးရန် ဆရာ/မများ (သို့) အကြံပေးပုဂ္ဂိုလ်များနှင့် တွေ့ဆုံခြင်းတို့ ပါဝင်နိုင်သည်။ အဓိကကျပြီး ထပ်ခါတလဲလဲ ဖြစ်ပွားသည့် အမှုများအတွက် ကျောင်းသားအား ယာယီဆိုင်းငံ့ခြင်း၊ ခေါင်းဆောင်မှုအခန်းကဏ္ဍများ သို့မဟုတ် ဆုတံဆိပ်များကို ရုပ်သိမ်းခံရခြင်း စသည့် အရေးယူမှုများ ချမှတ်နိုင်သည်။ ဤအရေးယူမှုများ၏ ရည်ရွယ်ချက်မှာ အပြစ်ဒဏ်ပေးရန်သာမဟုတ်ဘဲ ကျောင်းသားများအား ရိုးသားမှုသည် အဘယ်ကြောင့် အရေးကြီးသည်ကို နားလည်သဘောပေါက်စေရန်နှင့် အနာဂတ်တွင် ပိုမိုကောင်းမွန်သော ရွေးချယ်မှုများ ပြုလုပ်နိုင်ရန် အတွက် အားပေးမြှင့်တင်ရန်ဖြစ်ပါသည်။

# အပိုဒ် (၃) - ပြုမူနေထိုင်မှုဆိုင်ရာ မျှော်မှန်းချက်များ

## ကောင်းမွန်သော သင်ယူမှုပတ်ဝန်းကျင်

ကောင်းမွန်ပြီး ထိရောက်သော သင်ယူမှုပတ်ဝန်းကျင်သည် ပညာရေးဆိုင်ရာ အောင်မြင်မှုနှင့် ကိုယ်ရည်ကိုယ်သွေး တိုးတက်မှုတို့ကို တည်ဆောက်ရာတွင် အခြေခံအုတ်မြစ်ဖြစ်ပါသည်။ ထိုသို့သော ပတ်ဝန်းကျင်သည် အလိုအလျောက် ဖြစ်ထွန်းလာခြင်းမဟုတ်ဘဲ ကျောင်းသားတိုင်းနှင့် ဝန်ထမ်းတိုင်း၏ စုပေါင်းတာဝန်ယူမှုဖြင့် အတူတကွ ဖန်တီးရသောအရာဖြစ်ပါသည်။ ကျောင်းသားအားလုံးအတွက် လေးစားမှုရှိပြီး အာရုံစူးစိုက်ကာ သင်ယူမှုအတွက် အထောက်အကူပြုသော စာသင်ခန်းဝန်းကျင်တစ်ခုကို ဖန်တီးရာတွင် ကျောင်းသားအားလုံးက တက်ကြွစွာ ပါဝင်ကူညီဆောင်ရွက်ကြရန် မျှော်မှန်းထားပါသည်။ ဤအခြေခံမျှော်မှန်းချက်တွင် အောက်တွင်ဖော်ပြထားသော အဓိကပြုမူနေထိုင်မှုများစွာ ပါဝင်သည်။

## အချိန်မှန်ခြင်း

အတန်းချိန်များနှင့် စုံညီစုဝေးပွဲများအားလုံးသို့ အချိန်မီရောက်ရှိခြင်းသည် လေးစားမှုကိုပြသသည့် အခြေခံကျသော လုပ်ရပ်တစ်ခုဖြစ်ပါသည်။ ၎င်းသည် ဆရာ/မများနှင့် အတန်ဖော်များအတွက် ထည့်သွင်းစဉ်းစားမှုနှင့် မိမိ၏ ပညာရေးအပေါ် တန်ဖိုးထားမှုကိုပြသပါသည်။ နောက်ကျခြင်းသည် သင်ကြားမှု၏ အဆက်အစပ်ကို နှောင့်ယှက်ပြီး သင်ခန်းစာအား စူးစိုက်ထားပြီးဖြစ်သော အတန်းဖော်များကို အာရုံထွေပြားစေသောကြောင့် အနှောက်အယှက်ပေးသော အပြုအမူ တစ်ခု ဖြစ်ပါသည်။

## ကြိုတင်ပြင်ဆင်ခြင်း

ကျောင်းသားတိုင်းသည် မိမိတက်ရောက်မည့် အတန်းတိုင်းအတွက် ကျောင်းစာအုပ်များ၊ စာရေးကိရိယာများ နှင့် ပြီးမြောက်ပြီးသား အိမ်စာများကို ယူဆောင်လာရန် တာဝန်ရှိပါသည်။ တန်ဖိုးရှိလှသော သင်ကြားရေးအချိန်ကာလအားလုံး ထိရောက်စွာ အသုံးချနိုင်ရန်အတွက် ကြိုတင်ပြင်ဆင်မှုသည် အလွန်အရေးကြီးပါသည်။ထိုကဲ့သို့ ကြိုတင်ပြင်ဆင်ထားပါက ကျောင်းသား/သူတစ်ဦးစီသည် ထိုနေ့၏ သင်ခန်းစာများကို နှောင့်နှေးကြန့်ကြာမှုမရှိဘဲ အပြည့်အဝ စိတ်ဝင်တစား သင်ယူနိုင်မည် ဖြစ်ပါသည်။

## စိတ်ဝင်တစားပါဝင်ခြင်း

တက်တက်ကြွကြွ စိတ်ဝင်တစားပါဝင်ခြင်းဆိုသည်မှာ သင်ယူမှုလုပ်ငန်းစဉ်တွင် အပြည့်အဝ ပါဝင်ခြင်းကို ဆိုလိုသည်။ ဆိုလိုရင်းမှာ ဂရုတစိုက် နားထောင်ခြင်း၊ ဆွေးနွေးပွဲများတွင် ဝင်ရောက် အကြံပြုခြင်း၊ ညွှန်ကြားချက်အားလုံးကို သေချာစွာ လိုက်နာခြင်းနှင့် ပေးအပ်ထားသော တာဝန်များကို လုံ့လ ဝီရိယရှိစွာ ပါဝင်ဆောင်ရွက်ခြင်းတို့ဖြစ်သည်။ ကျောင်းသားတစ်ဦး၏ စိတ်ဝင်တစားပါဝင်မှုသည် ကိုယ်ပိုင်ပညာရေး အောင်မြင်မှု အတွက်သာမက စာသင်ခန်းအတွင်းရှိ အတန်းဖော်ကျောင်းသားများအတွက်ပါ ပိုမိုကြွယ်ဝစေပြီး၊ ပြောင်းလဲဖွံ့ဖြိုးဆဲနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော ပညာရပ်ဆိုင်ရာ အသိုင်းအဝိုင်းတစ်ခုကို မြှင့်တင်ပေးပါသည်။

## တားမြစ်ထားသော အပြုအမူများ

ကျောင်းသား/သူများ ဆရာ/မများအားလုံး၏ ဘေးကင်းလုံခြုံရေးနှင့် သင်ကြားရေးပတ်ဝန်းကျင်၏ ကောင်းမွန်စွာ လည်ပတ်နိုင်ရေးအတွက် ကျောင်းမှ အောက်ပါ အပြုအမူများကို ရှင်းလင်းစွာ တားမြစ်ထားပါသည်။ တားမြစ်ထားသော အပြုအမူများတွင် ပါဝင်ကျူးလွန်ပါက တင်းတင်းကျပ်ကျပ် ဖြေရှင်းဆောင်ရွက်မည်ဖြစ်ပြီး၊ ပြတ်သားခိုင်မာသော စည်းကမ်းအရ အရေးယူခံရမည် ဖြစ်ပါသည်။

## အနိုင်ကျင့်ခြင်းနှင့် နှောက်ယှက်ခြင်း

ကျောင်းတွင် ကိုယ်ကာယပိုင်း၊ နှုတ်ဖြင့်၊ လူမှုရေးအရ သို့မဟုတ် အွန်လိုင်းမှ ဖြစ်စေ အနိုင်ကျင့်မှု သို့မဟုတ် စော်ကားမှုများအတွက် လုံးဝ သည်းခံမည်မဟုတ်သည့် (zero-tolerance) မူဝါဒရှိပါသည်။ ဤမူဝါဒသည် ကျောင်းဝင်းအတွင်း၌ဖြစ်စေ၊ ကျောင်းမှကြီးမှူးကျင်းပသော လှုပ်ရှားမှုများ၌ဖြစ်စေ အွန်လိုင်းပေါ်တွင် ဖြစ်စေ ကျောင်းပတ်ဝန်းကျင်ကို ထိခိုက်မှုရှိသည့် လုပ်ရပ်များအားလုံးနှင့် သက်ဆိုင်ပါသည်။ ရန်လိုသော ပတ်ဝန်းကျင်ကို ဖန်တီးသော ထိုသို့သော အပြုအမူများတွင် (၎င်းတို့နှင့်သာ ကန့်သတ်ထားခြင်း မဟုတ်ပါ) ခြိမ်းခြောက်ခြင်း၊နာမည်ပြောင်ခေါ်ခြင်း၊ ကောလဟာလများ ထုတ်လွှင့်ခြင်း၊ဖယ်ကျဉ်ထားခြင်း၊ ပစ္စည်းများ ဖျက်ဆီးခြင်း၊ ဆိုက်ဘာခြိမ်းခြောက်ခြင်း တို့ ပါဝင်သည် ကျောင်းသား/သူတိုင်း လေးစားဂုဏ်ယူမှုနှင့် လုံခြုံမှုကို ခံစားရသည့် ဘေးကင်းပြီး အားလုံးပါဝင်နိုင်သော ပတ်ဝန်းကျင်တစ်ရပ်ကို ဖန်တီးပေးရန် ကျွန်ုပ်တို့ကျောင်းက ပြဋ္ဌာန်းထားပါသည်။

## ရုပ်ပိုင်းဆိုင်ရာ ရန်လိုမှု/စော်ကားမှု

ကျွန်ုပ်တို့၏ ကျောင်းအသိုက်အဝန်းဝင်တိုင်း၏ ဘေးကင်းလုံခြုံရေးသည် အရေးအကြီးဆုံးဖြစ်သည်။ ကိုယ်ကာယဆိုင်ရာ အကြမ်းဖက်မှု၊ ထိုအထဲတွင် ခိုက်ရန်ဖြစ်ပွားခြင်း၊ ရိုက်နှက်ခြင်း သို့မဟုတ် တွန်းထိုးခြင်းနှင့် ကိုယ်ကာယဆိုင်ရာ အကြမ်းဖက်မှု သို့မဟုတ် ခြိမ်းခြောက်မှု မည်သည့်လုပ်ရပ်မဆို တင်းကြပ်စွာ တားမြစ်ထားသည်။ ထိုသို့သော အပြုအမူသည် အခြားသူများကို ထိခိုက်စေပြီး သင်ယူမှုပတ်ဝန်းကျင်ကို အနှောင့်အယှက်ဖြစ်စေသည်။ အကျိုးဆက်များတွင် ကျောင်းမှ ဆိုင်းငံ့ခြင်း ၊ စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ စစ်ဆေးကြားနာခြင်း၊ ကျောင်းမှ ထုတ်ပယ်ခံရနိုင်ခြင်းနှင့် ပြင်းထန်သော ဖြစ်ရပ်များအတွက် ဥပဒေစိုးမိုးရေးအဖွဲ့အစည်းများအကြောင်းကြားခြင်းတို့ ပါဝင်သည်။

## ပမာမခန့်ပြုခြင်းနှင့် အမိန့် ဖီဆန်ခြင်း

ကျောင်းသား/သူများသည် ဆရာ/မများ၊ စီမံခန့်ခွဲသူများနှင့် အကူအညီပေးရေး ဝန်ထမ်းများ အပါအဝင် ကျောင်းဝန်ထမ်းအားလုံး၏ ဆင်ခြင်တုံတရားရှိသော နှင့် တရားဝင်သော ညွှန်ကြားချက်များကို ချက်ချင်းနှင့် လေးစားစွာ လိုက်နာရမည်။ ဆန့်ကျင်ငြင်းဆန်ခြင်း၊ ပေါ်ပေါ်ထင်ထင် မလေးမစားပြုခြင်း သို့မဟုတ် အဆက်မပြတ် ငြင်းခုံခြင်းတို့သည် ဆရာ/မ၏ သြဇာညောင်းမှုကို ကျဆင်းစေပြီး သင်ယူမှုကို အနှောင့်အယှက်ဖြစ်စေသော ပြင်းထန်သော ပြစ်မှုများဖြစ်သည်။ ဆုံးဖြတ်ချက်တစ်ခုကို လေးစားစွာ မေးခွန်းထုတ်ခြင်းနှင့် လုံးဝဆန့်ကျင်ဖီဆန်ခြင်းတို့ကြား ကွဲပြားမှုကို ခွဲခြားသိမြင်နိုင်ရန် အရေးကြီးပြီး လေးစားစွာ မေးခွန်းထုတ်ခြင်း သည် သင့်လျော်သော နေရာတွင် လက်ခံနိုင်သော်လည်း၊ လုံးဝဖီဆန်ခြင်း မှာမူ လုံးဝမလက်မခံနိုင်ပါ။

# အပိုဒ် (၄) - ကျောင်းဝင်းအတွင်း သွားလာလှုပ်ရှားမှု၊ အချိန်တိကျမှုနှင့် အတန်းတက်ရောက်မှု

## အပိုဒ်ခွဲ (၄.၁) ပုံမှန် အတန်းတက်ရောက်မှုအတွက် ပြဋ္ဌာန်းချက်များ

ပုံမှန် ကျောင်းတက်ရောက်ခြင်းသည် ပညာရေးတွင် အောင်မြင်မှုရရှိရန်၊ တာဝန်ယူခြင်းနှင့် စည်းကမ်းရှိခြင်းတို့ကို ဖွံ့ဖြိုးတိုးတက်စေရန် မရှိမဖြစ်လိုအပ်ပါသည်။ ကျောင်းသား/သူများသည် အမြဲတမ်း တက်ရောက်ရန်၊ အပြည့်အဝ ပါဝင်ရန် နှင့် ဖြစ်နိုင်လျှင် ကိုယ်ရေးကိုယ်တာ ချိန်းဆိုမှုများကို ကျောင်းရက်များပြင်ပတွင် စီစဉ်ရန် မျှော်လင့်ထားပါသည်။

## အတန်းတက်ရောက်မှုဆိုင်ရာ လိုအပ်ချက်များ

ကျောင်းသား/သူများသည် နှစ်ကုန်စာမေးပွဲအား ဖြေဆိုခွင့်ရရှိရန် အနည်းဆုံး (၇၅%) သော ကျောင်းတက်ရာခိုင်နှုန်း ရှိရပါမည်။ ကျောင်းတက်ရာခိုင်နှုန်းသည် (၉၂%) အောက် ရောက်ရှိနေပါက ပညာရေးတိုးတက်မှုကို ထိခိုက်စေနိုင်ရုံသာမက၊ ရင်ဆိုင်ရသော အခက်အခဲများကို ဖြေရှင်းရန်နှင့် လိုအပ်သော အကူအညီများ ပေးရန်အတွက် မိဘ-ဆရာ တွေ့ဆုံပွဲများ သို့မဟုတ် လမ်းညွှန်အကြံပေးခြင်းများ ပြုလုပ်ရန် လိုအပ်လာမည် ဖြစ်ပါသည်။

## ခွင့်တိုင်ကြားခြင်း

ဆေးခန်းပြခြင်း သို့မဟုတ် မိသားစုအစီအစဉ်ကဲ့သို့သော ကြိုတင်စီစဉ်ထားသည့် ကျောင်းပျက်မည့် ကိစ္စရပ်များအတွက် မိဘ သို့မဟုတ် အုပ်ထိန်းသူများမှ ကျောင်းရုံး သို့မဟုတ် အတန်းပိုင်ဆရာထံသို့ နံနက် (၈:၄၅) နာရီမတိုင်မီ ဖုန်းဖြင့်ဖြစ်စေ၊ ကျောင်း၏ဆက်သွယ်ရေးလိုင်းများဖြင့်ဖြစ်စေ ကြိုတင်အသိပေးရမည် ဖြစ်ပြီး အတန်းပိုင်ဆရာ သို့မဟုတ် ကျောင်းအုပ်ချုပ်ရေးမှူးထံမှ ခွင့်ပြုချက်ရယူရမည်ဖြစ်ပါသည်။

## မမျှော်လင့်ထားသော ကျောင်းပျက်ခြင်းအား အသိပေးခြင်း

ရုတ်တရက်ဖျားနာခြင်း သို့မဟုတ် အရေးပေါ်အခြေအနေများတွင်၊ မိဘများအနေဖြင့် သင့်လျော်သော မှတ်တမ်းများနှင့် နောက်ဆက်တွဲ အကူအညီများ ရရှိစေရန်အလို့ငှာ ဖုန်း၊ သို့မဟုတ် ကျောင်း၏ဆက်သွယ်ရေးလိုင်းမှတစ်ဆင့် ကျောင်းသို့ အမြန်ဆုံး အသိပေးဆက်သွယ်ရမည်ဖြစ်ပါသည်။

## ခွင့်ပြုခံရသော နှင့် ခွင့်ပြုမခံရသော ကျောင်းပျက်ကွက်မှုများ

ဖျားနာခြင်းနှင့် ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များ သို့မဟုတ် မိသားစုအရေးပေါ်အခြေအနေများကြောင့် ကျောင်းပျက်ကွက်ခြင်းများကို ဆရာဝန်ထောက်ခံစာ ကဲ့သို့သော အတည်ပြုစာရွက်စာတမ်းများ ပူးတွဲပါပါက ခွင့်ပြုခံရသော ကျောင်းပျက်ကွက်မှုအဖြစ် သတ်မှတ်ပါသည်။ ခိုင်လုံသောအကြောင်းပြချက် သို့မဟုတ် ကြိုတင်အသိပေးခြင်းမရှိဘဲ ဖြစ်ပေါ်သည့် ခွင့်ပြုမခံရသော ကျောင်းပျက်ကွက်မှုများသည် အတန်းတက်ရောက်မှုနှင့် ပညာရေးဆိုင်ရာ အဆင့်အတန်းကို ထိခိုက်စေနိုင်ပါသည်။ ထိုသို့သောကိစ္စရပ်များတွင် မိဘများအနေဖြင့် ကျောင်းသားများအား အပိုသင်ခန်းစာများကို ပြီးဆုံးအောင် ဆောင်ရွက်ရန် ကျောင်းအုပ်ကြီးထံ ရှင်းလင်းချက်များကို စာဖြင့်ရေးသား အကြောင်းကြားရန် လိုအပ်ပါသည်။

## လွတ်သွားသော သင်ခန်းစာများ ပြန်လည်ဖြည့်စွက်ခြင်းနှင့် အကူအညီရယူခြင်း

လွတ်သွားသော အိမ်စာများ၊ ပရောဂျက်များနှင့် စာမေးပွဲများအားလုံးကို ကျောင်းပြန်တက်ပြီးနောက် အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ဆရာ/မများမှ လမ်းညွှန်မှုပေးခြင်းနှင့် သင့်တင့်မျှတသော ပြီးဆုံးရမည့်ရက်စွဲများ သတ်မှတ်ပေးမည်ဖြစ်ပါသည်။ ပြင်းထန်သော ဖျားနာမှုကြောင့် (တစ်လ သို့မဟုတ် တစ်လထက်ပို၍) ကျောင်းပျက်ကွက်သော ကျောင်းသား/သူများအား အပိုသင်ခန်းစာများ၊ ချိန်ညှိထားသော ပြီးဆုံးရမည့်ရက်များ သို့မဟုတ် လမ်းညွှန်သင်ကြားပို့ချမှုများဖြင့် ပညာရေးဆိုင်ရာ အထူးကူညီပံ့ပိုးမှုများ ပေးသွားမည်ဖြစ်ပါသည်။ သို့ရာတွင် ခိုင်လုံသောအကြောင်းပြချက် သို့မဟုတ် ကြိုတင်အသိပေးချက်မရှိဘဲ ကျောင်းပျက်ခြင်းများသည် စည်းကမ်းအရ အရေးယူခံရခြင်းနှင့် တက်ရောက်ပါဝင်မှုအမှတ်များ ဆုံးရှုံးခြင်းတို့ကို ဖြစ်ပေါ်စေနိုင်သည်။

## အလွန်အမင်း ကျောင်းပျက်ခြင်း (သို့) ကျောင်းပြေးခြင်း

မကြာခဏ သို့မဟုတ် ကြာရှည်စွာ ကျောင်းပျက်ခြင်းသည် ပညာရေးတိုးတက်မှုနှင့် ဆုတံဆိပ်များ သို့မဟုတ် ကျောင်းပြင်ပ လှုပ်ရှားမှုများအတွက် အရည်အချင်းပြည့်မီမှုကို ထိခိုက်စေနိုင်သည်။ ကျောင်းမှ ဝင်ရောက်စွက်ဖက်ဆောင်ရွက်မည့် နည်းဗျူဟာများဆွေးနွေးရန် မိဘများနှင့် အစည်းအဝေး ခေါ်ယူမည်ဖြစ်ပါသည်။ အကြောင်းပြချက်မရှိဘဲ ထပ်ကာထပ်ကာ ကျောင်းပျက်ခြင်းများကို အလွန်အမင်းကျောင်းပျက်ခြင်းအဖြစ် သတ်မှတ်ပြီး စည်းကမ်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကိုင်တွယ်ဖြေရှင်းသွားမည်ဖြစ်ပါသည်။ ကျောင်းပျက်သည့် ကျောင်းသားများသည် စာမေးပွဲ သို့မဟုတ် ပရောဂျက်တင်သည့်နေ့များတွင် ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ ထိုအကဲဖြတ်ချက်အတွက် သုညအမှတ် ရရှိမည်ဖြစ်ပါသည်။

## အပိုဒ်ခွဲ (၄.၂) အချိန်တိကျမှု၏ အရေးပါမှု

အချိန်တိကျမှုသည် စည်းကမ်းရှိခြင်း၊ လေးစားမှုနှင့် တာဝန်ယူမှုတို့ကို ဖော်ပြသည်။ ကျောင်းသည် နံနက် ၈:၄၅ နာရီတွင် စတင်ပြီး ကျောင်းသား/သူများသည် အပြည့်အဝ ပါဝင်နိုင်ရန် အချိန်မီ ရောက်ရှိရမည်။ နောက်ကျ ရောက်ရှိသူများသည် နောက်ကျရောက်ရှိကြောင်း စာရွက် (late slip) ရယူရန် ရုံးခန်းတွင် လက်မှတ်ထိုးရမည်။ အမြဲတမ်း နောက်ကျခြင်း (Habitual lateness) သည် တိုးတက်သော စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ အရေးယူမှုကို ဖြစ်ပေါ်စေမည်ဖြစ်ပြီး၊ ထပ်ခါတလဲလဲ စောစီးစွာ ပြန်ခြင်း သို့မဟုတ် နောက်ကျ ရောက်ရှိခြင်းတို့ကို မှတ်တမ်းတင်ထားမည်ဖြစ်ပြီး မိဘများထံ အသိပေးဆက်သွယ်ခြင်းနှင့် ကျောင်းဆင်းချိန်တွင် အချိန်ပို ဆက်လက် ထိန်းသိမ်းထားခြင်း (သို့မဟုတ်) အခြားသော ပြုပြင်ရေးဆိုင်ရာ နည်းလမ်းများကို အသုံးပြုပြီး ဆက်လက်ဖြစ်ပေါ်လာမည့် အကျိုးဆက်များကို အဆင့်ဆင့်ချဉ်းကပ်နည်းဖြင့် အကောင်အထည် ဖော်မည်ဖြစ်ပါသည်။ ရှောင်လွှဲမရသော အခြေအနေများကြောင့် ကျောင်းဘတ်စ်ကား နောက်ကျခြင်းကို နောက်ကျသည်ဟု မှတ်သားမည်မဟုတ်ပါ။

## အပိုဒ်ခွဲ (၄.၃) ဘေးကင်းလုံခြုံရေးနှင့် ကျောင်းနယ်မြေ

ကျောင်းနယ်မြေသည် သင်ယူမှုနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ဘေးကင်းလုံခြုံပြီး ကြီးကြပ်ကွပ်ကဲထားသော ပတ်ဝန်းကျင်တစ်ခုအဖြစ် ဖန်တီးထားသည့် ထိန်းချုပ်ထားသော နယ်မြေတစ်ခုဖြစ်ပါသည်။ ကျောင်းသားများ၏ ဘေးကင်းလုံခြုံရေးသည် ကျွန်ုပ်တို့၏ ညှိနှိုင်းဆောင်ရွက်ခွင့် လုံးဝမရှိသော အထူးအရေးကြီးဆုံး ဦးစားပေးအချက်ဖြစ်ပြီး၊ အောက်ပါစည်းမျဉ်းများသည် ဤပြဌာန်းချက်ကို ထိန်းသိမ်းရန် အတွက် ချမှတ်ထားခြင်းဖြစ်ပါသည်။

- **ခွင့်ပြုချက်မရှိဘဲ ကျောင်းမှ ထွက်ခွာခြင်း**

ကျောင်းသား/သူများကို ကျောင်းရုံးခန်းမှ ရှင်းလင်းသော၊ ကြိုတင်ခွင့်ပြုချက်နှင့် မိဘ၏ တိုက်ရိုက်သဘောတူညီချက် မရှိဘဲ ကျောင်းတစ်နေ့တာအတွင်း အနားယူချိန်များနှင့် နေ့လယ်စာစားချိန်များ အပါအဝင် မည်သည့်အချိန်တွင်မျှ ကျောင်းဝန်းအတွင်းမှ ထွက်ခွာခွင့် မပြုပါ။ ဤအချက်သည် ကျောင်းသား/သူများ၏ ဘေးကင်းလုံခြုံရေးနှင့် အရေးပေါ်အခြေအနေတစ်ရပ်ရှိပါက ကျောင်းသားတိုင်း၏ နေရာထိုင်ခင်းကို စစ်ဆေးရန်နှင့် ကျောင်းသားများသည် ကျောင်းဝင်းပြင်ပတွင် ကြီးကြပ်မှုမရှိသော သို့မဟုတ် အန္တရာယ်ရှိနိုင်သည့် အခြေအနေများနှင့် မထိတွေ့ရန် သေချာစေရန်အတွက် အလွန်အရေးကြီးပါသည်။

- **ကန့်သတ်ထားသော နေရာများ**

ကျောင်းသား/သူများကို ကြီးကြပ်မှုမရှိဘဲ၊ စက်ပစ္စည်းခန်းများ၊ ဝန်ထမ်းနားနေခန်းများ၊ ရေကူးကန်၊ ခေါင်မိုးတက်လမ်းများ သို့မဟုတ် ပစ္စည်းသိုလှောင်ခန်းများကဲ့သို့သော ကန့်သတ်နယ်မြေများသို့ ဝင်ရောက်ခြင်းမှ တားမြစ်ထားသည်။ ဤနေရာများသည် ဘေးကင်းရေးဆိုင်ရာ အန္တရာယ်များ ရှိပြီး စည်းကမ်းဖောက်ဖျက်ပါက စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ အရေးယူခြင်းကို ခံရမည်ဖြစ်သည်။

# အပိုဒ် (၅) - ဝတ်စားဆင်ယင်မှုနှင့် တကိုယ်ရည်အလှဆင်မှု

## Dream Land International School ယူနီဖောင်း

ကျောင်းယူနီဖောင်းသည် ကျွန်ုပ်တို့၏ သင်ယူမှုအသိုင်းအဝိုင်းအတွင်း စည်းလုံးညီညွတ်မှု၊ တန်းတူညီမျှမှုနှင့် ဂုဏ်သိက္ခာရှိမှုတို့ကို ကိုယ်စားပြုပါသည်။ ယင်းသည် ဝတ်စားဆင်ယင်မှုဆိုင်ရာ အာရုံထွေပြားမှုများကို လျှော့ချပေးခြင်းနှင့် အရည်အသွေးပြည့်ဝပြီး လေးစားမှုရှိခြင်းကို အားပေးမြှင့်တင်ခြင်းဖြင့် ကျောင်းစည်းကမ်းနှင့် အာရုံစူးစိုက်မှုကို တိုးတက်စေပါသည်။

ကျောင်းသား/သူအားလုံးသည် တနင်္လာနေ့မှ သောကြာနေ့အထိ ကျောင်းချိန်အတွင်းနှင့် တရားဝင် ကျောင်းပွဲများတွင် တရားဝင်ဝတ်စုံကို သပ်ရပ်မှန်ကန်စွာ ဝတ်ဆင်ရမည်။

ဝတ်စုံများကို ကျောင်းရုံးခန်းတွင် ဝယ်ယူရရှိနိုင်ပါသည်။ ပုံမှန်ဝတ်စုံ သတ်မှတ်ချက်မှာ -

- **ကျား - အဖြူရောင် Dream Land Polo ရှပ်အင်္ကျီနှင့် နက်ပြာရောင် ဘောင်းဘီအရှည်**
- **မ - အဖြူရောင် Dream Land Polo ရှပ်အင်္ကျီနှင့် နက်ပြာရောင် စကတ်**

ကျောင်းသား/သူများသည် သန့်ရှင်းသော၊ သင့်လျော်သော ရှူးဖိနပ်များ၊ ဖိနပ်စွပ်များ (slippers) သို့မဟုတ် ဖိနပ်သဲကြိုးများ (sandals) ကို ဝတ်ဆင်ရမည်။ ဖိနပ်ဒေါက်မြင့် (High heels) များကို ခွင့်မပြုပါ။

ကာယ သင်မည့်နေ့များတွင် အားကစားလှုပ်ရှားမှုများလုပ်ရာ၌ လှုပ်ရှားမှုလွယ်ကူချောင်ချိစေရန်အလို့ငှာ ကျောင်းသား/သူများသည် ကာယ ယူနီဖောင်း (P.E. uniform) ကို ဝတ်ဆင်ရမည်ဖြစ်ပါသည်။ ရေကူးသင်ခန်းစာ သင်ချိန်များတွင် ကျောင်းသား/သူများသည် ရောဂါကာကွယ်ရန်၊ သက်တောင့်သက်သာရှိရန်နှင့် ဘေးကင်းလုံခြုံမှုရှိရန်အတွက် သင့်လျော်သော ရေကူးဝတ်စုံကို ဝတ်ဆင်ရမည်ဖြစ်ပါသည်။ ယူနီဖောင်းဝတ်ဆင်ခြင်းဆိုင်ရာညွှန်ကြားချက်များသည် ကျောင်း၏အမှတ်တံဆိပ်ကို ကိုယ်စားပြုရာတွင် ညီညွတ်ခြင်း၊ စည်းကမ်းရှိခြင်းနှင့် ဂုဏ်သိက္ခာရှိခြင်းတို့ကို သေချာစေပါသည်။






## တစ်ကိုယ်ရေ အလှဆင်မှုဆိုင်ရာ စံနှုန်းများ

ကျောင်းသား/သူတစ်ဦး၏ ပုံပန်းသွင်ပြင်လက္ခဏာသည် ၎င်းတို့၏ မိမိကိုယ်ကို ထိန်းသိမ်းမှုနှင့် ကျောင်းအပေါ်ထားသည့် လေးစားမှုကို ထင်ဟပ်စေပါသည်။ ကျွန်ုပ်တို့၏ တစ်ကိုယ်ရေ အလှဆင်မှုဆိုင်ရာ စံနှုန်းများသည် သင်ယူမှုအတွက် အထောက်အကူပြုရုံသာမက၊ ကျောင်းသား/သူများကို အနာဂတ်ရှိ ပညာရှင်ဆန်သော ပတ်ဝန်းကျင်အတွက်ပါ ပြင်ဆင်နိုင်ရန်အတွက် အထောက်အကူပြုသည့် သန့်ရှင်းသပ်ရပ်ပြီး၊ ပညာရှင်ပီသသော ပတ်ဝန်းကျင်တစ်ခုကို ထိန်းသိမ်းရန်အတွက် ရည်ရွယ်ပါသည်။

## ဆံပင်ပုံစံ

ဆံပင်ပုံစံသည် သဘာဝဆံပင်အရောင်သာဖြစ်ရမည် ဖြစ်ပြီး ရိုးရှင်းသွက်လက်သောပုံစံသာဖြစ်ရမည်။ Mohawks (သို့မဟုတ်) ရိတ်၍ ပုံဖော်ထားသည့် ဆန်းပြားလွန်းသော သို့မဟုတ် ခေတ်ဆန်သော ဆံပင်ပုံစံများ မထားရပါ။ ယောကျ်ားလေးများသည် ဆံပင်ကို အင်္ကျီကော်လာအထက်တွင်ရှိရမည် ဖြစ်ပြီး ရှေ့ဆံပင်သည်လည်း မျက်ခုံးမွေးအထက်တွင် ရှိရမည်။ မိန်းကလေးများသည် ဆံပင်ကို သပ်ရပ်စွာစည်းနှောင်ထားရမည် ဖြစ်ပြီး ရိုးရှင်းသော အသုံးအဆောင်ပစ္စည်းများကိုသာ အသုံးပြုရမည်။ ဤစည်းမျဉ်း စည်းကမ်းများသည် သပ်ရပ်သန့်ရှင်းသော အသွင်အပြင်ကို မြှင့်တင်ပေးပြီး ပညာသင်ယူမှုတွင် အာရုံစူးစိုက်နိုင်ရန် ကူညီပေးပါသည်။

## လက်ဝတ်ရတနာ

ဘေးကင်းလုံခြုံရေး၊ တစ်ညီတစ်ညာတည်းရှိမှုကို ထိန်းသိမ်းခြင်းနှင့် အာရုံထွေပြားခြင်းကို လျှော့ချနိုင်ရန်အတွက် လက်ဝတ်ရတနာများကို အနည်းဆုံးသာ ဝတ်ဆင်ရမည်။

- ကျောင်းသူများသည် နားဆွဲပုတီး (stud earrings) အသေးစား တစ်စုံသာ ဝတ်ဆင်နိုင်သည်။
- ကျောင်းသား နားဆွဲဝတ်ဆင်ခြင်းကို ခွင့်မပြုပါ။
- တွဲလောင်းကျနေသော သို့မဟုတ် ကွင်းပုံသဏ္ဍာန် နားဆွဲများ (dangling or hoop earrings)၊ လည်ဆွဲများ၊ လက်ကောက်များ၊ လက်စွပ်များ သို့မဟုတ် မျက်နှာဖောက်ထားခြင်း (facial piercings) တို့ကို ခွင့်မပြုပါ။

## ပုံပန်းသဏ္ဍာန်

မြင်သာသော မိတ်ကပ်များ၊ လက်သည်းနီများ၊ ဆေးမင်ကြောင်များ (tattoos) နှင့် ခန္ဓာကိုယ် ပြုပြင်မွမ်းမံမှုများ (body modifications) ကို ခွင့်မပြုပါ။ ကျောင်းသား/သူများသည် သင်ယူမှုနှင့် ပုဂ္ဂိုလ်ရေး ဖွံ့ဖြိုးတိုးတက်မှုအပေါ် အာရုံစိုက်နေစေရန်အတွက် သဘာဝကျသော၊ သန့်ရှင်းသောနှင့် သပ်ရပ်သော ရုပ်သွင်ပြင်ကို ထိန်းသိမ်းထားသင့်သည်။

## အပိုဒ် (၆) - နည်းပညာနှင့် ဒစ်ဂျစ်တယ် နိုင်ငံသားစိတ်ဓာတ်

ကျောင်းမှ သင်ယူမှုကို မြှင့်တင်ရန်နှင့် ချိတ်ဆက်နေသော ကမ္ဘာ့လူ့အဖွဲ့အစည်းအတွက် ပြင်ဆင်ပေးရန် နည်းပညာနှင့် ကျောင်းသားများအား ဒစ်ဂျစ်တယ်အရင်းအမြစ်များကို ရယူသုံးစွဲခွင့် ပြုထားပါသည်။ ထိုအထူးအခွင့်အရေးရရှိခြင်းနှင့် အတူ နည်းပညာကို ကျင့်ဝတ်နှင့်အညီ၊ ရည်ရွယ်ချက်ရှိရှိ ဘေးကင်းလုံခြုံစွာ၊ အသုံးပြုရန် တာဝန်ရှိပါသည်။ ကျောင်းပတ်ဝန်းကျင်တစ်ခုလုံးအတွက် ဘေးကင်းလုံခြုံပြီး ထိရောက်သော ဒစ်ဂျစ်တယ်ပတ်ဝန်းကျင်တစ်ရပ် ဖြစ်ထွန်းလာစေရန် ကျောင်းသားအားလုံး အတွက် အောက်ပါ မူဝါဒများကို ချမှတ်ထားပါသည်။

## လက်ခံအသုံးပြုမှုမူဝါဒ

နည်းပညာသည် သင်ယူမှုနှင့် ပူးပေါင်းဆောင်ရွက်မှုအတွက် အဓိကကျသော ကိရိယာတစ်ခုဖြစ်ပါသည်။ ကျောင်း၏အင်တာနက်ကွန်ရက်၊ ကွန်ပျူတာစက်ပစ္စည်းများနှင့် အွန်လိုင်းပလက်ဖောင်းများအား ပညာရေးအတွက်သာရည်ရွယ်ပြီး ဆရာ/မတစ်ဦး၏ ညွှန်ကြားမှုနှင့် ကြီးကြပ်မှုအောက်တွင်သာ အသုံးပြုရမည်ဖြစ်ပါသည်။

- **ကိုယ်ပိုင်စက်ပစ္စည်း ယူဆောင်ခြင်း**

ကိုယ်ပိုင်ပစ္စည်း ယူဆောင်သုံးစွဲရေး အစီအစဉ်သည် အလယ်တန်းအဆင့် (Secondary) ကျောင်းသား၊ ကျောင်းသူများအားလုံး ဆရာ၊ ဆရာမ၏ ခွင့်ပြုချက်ရရှိမှသာလျှင် ၎င်းတို့၏ ကိုယ်ပိုင်လက်ပ်တော့များ သို့မဟုတ် တက်ဘလက်များကို သင်ယူမှုအတွက် အသုံးပြုခွင့်ပြုပါသည်။ ခွင့်ပြုချက်မရှိဘဲ ဂိမ်းကစားခြင်း၊ လူမှုမီဒီယာ သုံးစွဲခြင်း သို့မဟုတ် အင်တာနက်ရှာဖွေခြင်းတို့ကို တားမြစ်ထားပြီး၊ အကယ်၍ ယင်းပစ္စည်းများအသုံးပြုခြင်းသည် အာရုံပျံ့လွင့်စေပါက ဆရာ၊ ဆရာမများက အသုံးပြုမှုကို ကန့်သတ်နိုင်ပါသည်။

- **အင်တာနက်ကွန်ရက် လုံခြုံရေး**

လုံခြုံရေး စနစ်များကို ကျော်လွှားခြင်း၊ ပိတ်ဆို့ထားသော အကြောင်းအရာများကို ဝင်ရောက်ကြည့်ရှုခြင်း သို့မဟုတ် အကောင့်များကို အလွဲသုံးစားလုပ်ခြင်းတို့ကို တားမြစ်ထားပြီး၊ ထိုသို့ပြုလုပ်ပါက နည်းပညာ သုံးစွဲခွင့် ဆုံးရှုံးသည်အထိ စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ အရေးယူမှုများ ပြုလုပ်ခံရနိုင်ပါသည်။

## ဖုန်းနှင့်စမတ်နာရီအသုံးပြုမှုမူဝါဒ

မြန်မာနိုင်ငံ ပညာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်များ နှင့်အညီ အာရုံပျံ့လွင့်မှုကို အနည်းဆုံးဖြစ်စေရန်နှင့် အဓိပ္ပာယ်ရှိသော လူမှုဆက်ဆံရေးကို အားပေးရန်အတွက် မိုဘိုင်းဖုန်းများနှင့် စမတ်နာရီများ သုံးစွဲမှုကို တင်းကြပ်စွာ ကန့်သတ်ထားပါသည်။ အဆိုပါ ပစ္စည်းများကို ကျောင်းပိတ်ရက်များ၊ နေ့လယ်စာစားချိန်များ သို့မဟုတ် စကြိုလမ်းများ အပါအဝင် ကျောင်းချိန်တစ်လျှောက်လုံး ပိတ်ထားပြီး ကျောင်းအိတ်အတွင်း ထည့်ထားရမည်။ ဆရာ၊ ဆရာမ၏ ခွင့်ပြုချက်ရမှသာလျှင် သုံးစွဲခွင့်ရှိပါသည်။ ကျောင်းအနေဖြင့် ပျောက်ဆုံးသွားသော သို့မဟုတ် ပျက်စီးသွားသော ပစ္စည်းများအတွက် လုံးဝတာဝန်မယူပါ။

## ဒစ်ဂျစ်တယ် နိုင်ငံသားစိတ်ဓာတ်

ကျောင်းအသိုင်းအဝိုင်းအတွင်း တာဝန်ယူမှုရှိသော အဖွဲ့ဝင်တစ်ဦးဖြစ်ခြင်းသည် ဒစ်ဂျစ်တယ် လောကထဲတွင်လည်း တာဝန်ယူမှုရှိသူအဖြစ်ဆက်လက်ရှင်သန်ရမည်ဖြစ်သည်။ ကျောင်းသား/သူအားလုံး၏ အွန်လိုင်းဆက်သွယ်ဆောင်ရွက်မှုအားလုံးတွင် ကျောင်းဝင်းအတွင်း၌ဖြစ်စေ၊ ပြင်ပ၌ဖြစ်စေ၊ မိမိတို့၏ ကျင့်ဝတ်နှင့်အညီ အလေးထားပြီး ဘေးကင်းလုံခြုံစွာ အသုံးပြုရန် မျှော်မှန်းထားသည်။

- **အွန်လိုင်းအသုံးပြု၍ အနိုင်ကျင့်မှု**

ဒစ်ဂျစ်တယ် ပလက်ဖောင်းများကို အသုံးပြု၍ ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများ သို့မဟုတ် ဝန်ထမ်းများအား နှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်ခြင်း သို့မဟုတ် ကောလဟာလများ ဖြန့်ဝေခြင်းသည် ဆိုက်ဘာအနိုင်ကျင့်မှု ဖြစ်ပြီး ပြင်းထန်သော စည်းကမ်းချိုးဖောက်မှု ဖြစ်သည်။ ထိုသို့ပြုလုပ်ပါက ကျောင်းမှယာယီရပ်နားခြင်း၊ ကျောင်းမှ အပြီးအပိုင် ထုတ်ပယ်ခြင်းနှင့် သက်ဆိုင်ရာ အာဏာပိုင်များထံသို့

အကြောင်းကြား အပ်နှံခြင်းတို့ကဲ့သို့သော အရေးယူမှုများ ပြုလုပ်ခံရနိုင်သည်။ ကျောင်းသား၊ ကျောင်းသူများသည် ယုံကြည်ရသော လူကြီးတစ်ဦးဦးထံသို့ ဖြစ်ရပ်များကို ချက်ချင်း အစီရင်ခံရမည်။

- **ဒစ်ဂျစ်တယ် မှတ်တမ်း**

ကျောင်းသား၊ ကျောင်းသူတစ်ဦး တင်ခဲ့၊ မျှဝေခဲ့ သို့မဟုတ် မှတ်ချက်ပေးခဲ့သည့် အရာအားလုံးသည်— သီးသန့်အဖွဲ့များတွင်ပင်ဖြစ်စေ၊ ပျောက်သွားသည့် မက်ဆေ့ချ် လုပ်ဆောင်ချက်များဖြင့်ပင် ဖြစ်စေ— ဖန်သားပြင်ကို ဓာတ်ပုံရိုက်ခြင်း (screenshotted)၊ သိမ်းဆည်းထားခြင်းနှင့် ကျယ်ကျယ်ပြန့်ပြန့် မျှဝေခြင်းတို့ကို ခံရနိုင်သည်။ မကောင်းသော ဒစ်ဂျစ်တယ် ခြေရာခံရာသည် နောင်အနာဂတ် ပညာရေးအခွင့်အလမ်းများ (ဥပမာ- တက္ကသိုလ်ဝင်ခွင့်များ)၊ ပညာသင်ဆုများနှင့် အလုပ်အကိုင်တို့ကို ထိခိုက်စေနိုင်သည့် ပြင်းထန်သော ရေရှည်အကျိုးဆက်များ ရှိနိုင်ပါသည်။ ကျောင်းသား၊ ကျောင်းသူများအား ၎င်းတို့၏ အွန်လိုင်းပေါ်ရှိ ပုံရိပ်သည် ၎င်းတို့၏ စရိုက်လက္ခဏာကို မည်သို့ထင်ဟပ်စေသည်၊ ယခုနှင့် နောင်အနာဂတ်တွင် အခြားသူများက မည်သို့ရှုမြင်နိုင်မည်ကို ထည့်သွင်းစဉ်းစား၍ အွန်လိုင်းပေါ်တွင် မတင်မီ ဝေဖန်ပိုင်းခြား စဉ်းစားကြရန် တိုက်တွန်းပါသည်။ ကျောင်း၏ မျှော်လင့်ချက်မှာ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အွန်လိုင်းနေရာအားလုံးတွင် ဂုဏ်သိက္ခာရှိစွာ ဖြင့် ၎င်းတို့ကိုယ်တိုင်နှင့် ကျောင်းကို ကိုယ်စားပြုလိမ့်မည် ဟူ၍ ဖြစ်ပါသည်။

## အပိုဒ် (၇) - ကန့်သတ်ထားသော ပစ္စည်းများ

ပညာရေးကို အဓိကထားသော လုံခြုံပြီး သင့်တင့်လျောက်ပတ်သော သင်ကြားရေးပတ်ဝန်းကျင်တစ်ခုကို ထိန်းသိမ်းရန်အတွက် ကျောင်းအနေဖြင့် တားမြစ်ထားသော ပစ္စည်းများနှင့် ပတ်သက်သည့် စည်းမျဉ်းတစ်ရပ်ကို စနစ်တကျ ချမှတ်ကျင့်သုံးပါသည်။ ဤစည်းမျဉ်းသည် ကျောင်းသားအားလုံးအား ကျောင်းပတ်ဝန်းကျင်၌ ဘေးကင်းလုံခြုံစေရန်၊ သင်ကြားမှုနှင့် သင်ယူမှုကို နှောင့်ယှက်ခြင်းမှ ကာကွယ်ရန်၊ ကျောင်း၏ ကျင့်ဝတ်နှင့် လုံခြုံရေးစံနှုန်းများကို ထိန်းသိမ်းရန် ဖြစ်ပါသည်။ အခြားသူများအား အန္တရာယ်ဖြစ်စေနိုင်သော၊ သင်ယူမှုအား အနှောက်အယှက်ဖြစ်စေနိုင်သော သို့မဟုတ် ကျောင်း၏ ပညာရေးပတ်ဝန်းကျင်ကို ထိခိုက်စေနိုင်သော မည်သည့်ပစ္စည်းကိုမဆို ကျောင်းဝင်းအတွင်းသို့ ယူဆောင်ခြင်း လုံးဝ မပြုရပါ။ ဤသို့ တားမြစ်ထားသော ပစ္စည်းတစ်ခုခုကို ကိုယ်ပိုင်အသုံးပြုရန်ဖြစ်စေ၊ ဖျော်ဖြေရန် သို့မဟုတ် ပြသရန်ဖြစ်စေ ယူဆောင်လာပါက ၎င်းအား ပြင်းထန်သော စည်းကမ်းဖောက်ဖျက်မှုတစ်ရပ်အဖြစ် သတ်မှတ်ကာ ကျောင်း၏ စည်းကမ်းထိန်းသိမ်းရေး စည်းမျဉ်းအတိုင်း အရေးယူဆောင်ရွက်သွားမည် ဖြစ်ပါသည်။

### လက်နက်များနှင့် အန္တရာယ်ရှိသော ပစ္စည်းများ

ဘေးအန္တရာယ်ကို ခြိမ်းခြောက်နိုင်သည့် မည်သည့်ပစ္စည်းမဆို၊ လက်နက်များ၊ အတုအပများ၊ အန္တရာယ်ရှိသော ကိရိယာများ သို့မဟုတ် ထိခိုက်နစ်နာစေရန် ပြုပြင်ထားသော ပစ္စည်းများ (သံပေတံ) အပါအဝင်၊ တင်းကြပ်စွာ တားမြစ်ထားပါသည်။ စည်းကမ်းချိုးဖောက်ပါက ပစ္စည်းများ သိမ်းဆည်းခံရခြင်း၊ မိဘများကို အကြောင်းကြားခြင်း၊ ကျောင်းမှ ယာယီရပ်နားခြင်း၊ နှင့် စည်းကမ်းထိန်းသိမ်းရေး၊ ကျောင်းမှ ထုတ်ပယ်ခြင်း နှင့် ပြင်းထန်ပါက ဥပဒေကြောင်းအရ အရေးယူခြင်းများ ပြုလုပ်ခံရမည်။

## မူးယစ်ဆေးဝါးနှင့် ဆက်စပ် ပစ္စည်းများ

ဆေးလိပ်၊ ဆေးရွက်ကြီး၊ အငွေ့ထုတ်ပစ္စည်းများ (vaping products)၊ အရက်၊ တရားမဝင်သော မူးယစ်ဆေးဝါးများ သို့မဟုတ် မူးယစ်ဆေးဝါးသုံးစွဲရာတွင် အသုံးပြုသည့် ပစ္စည်းများကို ပိုင်ဆိုင်ခြင်း၊ သုံးစွဲခြင်း သို့မဟုတ် ဖြန့်ဝေခြင်း ကို တင်းကြပ်စွာ တားမြစ်ထားပါသည်။ စည်းကမ်းချိုးဖောက်ပါက ပစ္စည်းများ သိမ်းဆည်းခံရခြင်း၊ ကျောင်းမှ ယာယီရပ်နားခြင်း၊ မဖြစ်မနေ အကြံပေးမှု (counselling) ခံယူရခြင်းနှင့်၊ ပြင်းထန်သော ကိစ္စများတွင်၊ ဥပဒေအရ အရေးယူခြင်း သို့မဟုတ် ကျောင်းမှ အပြီးအပိုင် ထုတ်ပယ်ခြင်းတို့ ခံရနိုင်သည်။

## လျှပ်စစ်ပစ္စည်းများနှင့် ပညာရေးနှင့် မသက်ဆိုင်သော ကိရိယာများ

ကျောင်းသား၊ ကျောင်းသူများသည် နည်းပညာကို တာဝန်ယူမှုရှိစွာ အသုံးပြုရမည်ဖြစ်ပြီး သင်ယူမှုအပေါ် အဓိကထား အာရုံစိုက်ရမည်။ ဂိမ်းစက်များ၊ သီချင်းဖွင့်စက်များ၊ ဘလူးတုသ် စပီကာများ သို့မဟုတ် အသံသွင်းကိရိယာများကဲ့သို့သော ခွင့်ပြုချက်မရှိသည့် ပစ္စည်းများကို လုံးဝခွင့်မပြုပါ။ စည်းကမ်းဖောက်ဖျက် အလွဲသုံးစားပြုပါက ပစ္စည်းသိမ်းဆည်းခံရခြင်း၊ ပစ္စည်းအသုံးပြုခွင့် ရပ်စဲခံရခြင်း သို့မဟုတ် နောက်ထပ် စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ အရေးယူမှုများ ပြုလုပ်ခံရနိုင်သည်။

## တန်ဖိုးကြီးပစ္စည်းများနှင့် မသင့်လျော်သော ပစ္စည်းများ

လုံခြုံပြီး အာရုံစူးစိုက်မှုရှိသော ပတ်ဝန်းကျင်ကို သေချာစေရန်အတွက် ကျောင်းသား၊ ကျောင်းသူများသည် အောက်ပါပစ္စည်းများကို ကျောင်းဝင်းအတွင်းသို့ ယူဆောင်လာခြင်းကို တင်းကြပ်စွာ တားမြစ်ထားပါသည်။

- **တန်ဖိုးကြီးပစ္စည်းများ:** ဈေးကြီးသော ရတနာပစ္စည်းများ၊ တန်ဖိုးကြီးနာရီများ နှင့် ငွေသား အမြောက်အမြား၊ ပျောက်ဆုံးသွားသော သို့မဟုတ် ခိုးယူခံရသော ပစ္စည်းများအတွက် ကျောင်းမှ တာဝန်မယူပါ။
- **လောင်းကစား ပစ္စည်းများ:** လောင်းကစားရန်အတွက် အသုံးပြုသည့် ဖဲချပ်များ၊ အံစာတုံးများ သို့မဟုတ် အွန်လိုင်း လောင်းကစား အက်ပလီကေးရှင်းများ။
- **မသင့်လျော်သော အကြောင်းအရာများ:** အကြမ်းဖက်မှု၊ လိင်ပိုင်းဆိုင်ရာ ဖော်ပြချက် သို့မဟုတ် ခွဲခြားဆက်ဆံမှုဆိုင်ရာ အကြောင်းအရာများပါဝင်သည့် စာအုပ်များ၊ မဂ္ဂဇင်းများ၊ ဒစ်ဂျစ်တယ်ဖိုင်များ သို့မဟုတ် ဗီဒီယိုများ။
- **အနှောင့်အယှက်ဖြစ်စေသော / သွေးခွဲစေသော ပစ္စည်းများ:** ပညာရေးနှင့် မသက်ဆိုင်သည့် သို့မဟုတ် သွေးခွဲစေသော သတင်းစကားများကို မြှင့်တင်သည့် ကြော်ငြာ သို့မဟုတ် နိုင်ငံရေးဆိုင်ရာ ပစ္စည်းများ။

**အရေးယူမှုများ:** မလျော်ကန်သော အပြုအမူများ (ဥပမာ- ငွေအမြောက်အမြား ပျောက်ဆုံးခြင်း၊ လူမှုမီဒီယာမှ မသင့်လျော်သော အကြောင်းအရာများ မျှဝေခြင်း) သည် ပစ္စည်းသိမ်းဆည်းခံရခြင်း၊ ကျောင်းမှ ယာယီရပ်နားခြင်း နှင့် နည်းပညာသုံးစွဲခွင့် ကန့်သတ်ခြင်းတို့ အပါအဝင် စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ အရေးယူမှုများ ခံရမည်ဖြစ်ပါသည်။

### စည်းမျဉ်းချမှတ်ကျင့်သုံးခြင်းနှင့် နောက်ဆက်တွဲအရေးယူမှုများ

တားမြစ်ထားသည့် မည်သည့်ပစ္စည်းကိုမဆို ကျောင်းဝင်းအတွင်း တွေ့ရှိရပါက ချက်ချင်းသိမ်းဆည်းပြီး သင့်လျော်စွာ ကိုင်တွယ်ဖြေရှင်းနိုင်ရန်အတွက် ကျောင်းအုပ်ချုပ်ရေးရုံး၌ လုံခြုံစွာသိမ်းဆည်းထားမည်ဖြစ်ပါသည်။ မိဘ၊ အုပ်ထိန်းသူများအား ချက်ချင်းအသိပေးမည်ဖြစ်ပြီး သိမ်းဆည်းထားသော ပစ္စည်းကို လူကိုယ်တိုင်လာရောက် လက်ခံရန် လိုအပ်ပါသည်။ ထိုသို့သော ပစ္စည်းများ ပိုင်ဆိုင်ထားခြင်းအတွက် နောက်ဆက်တွဲ အရေးယူမှုများအနေဖြင့် ကျူးလွန်ခဲ့သော စည်းကမ်းချိုးဖောက်မှု၏ ပကတိသဘော နှင့် ပြင်းထန်မှုအဆင့်ပေါ်တွင် မူတည်၍ စာဖြင့်သတိပေးခြင်း၊ ကျောင်းမှယာယီရပ်စဲခြင်းမှသည် ကျောင်းမှထုတ်ပယ်ခြင်းအထိ (သို့မဟုတ်) လိုအပ်ပါက တရားစီရင်ရေးအဖွဲ့အစည်းများသို့ လွှဲပြောင်းပေးပို့ခြင်းအထိ ချမှတ်ခံရမည်ဖြစ်ပါသည်။ အကြိမ်ကြိမ် စည်းကမ်းဖောက်ဖျက်မှုများအတွက် ပိုမိုပြင်းထန်သော စည်းကမ်းဆိုင်ရာ အရေးယူမှုများ ချမှတ်ခြင်းခံရမည်ဖြစ်ပြီး၊ ကျောင်း စည်းကမ်းထိန်းသိမ်းရေး ကော်မတီ ၏ ပြန်လည်သုံးသပ်ခြင်းကို ခံရနိုင်ကာ ကျောင်းသား၏ ကျင့်ဝတ်မှတ်တမ်း နှင့် ခေါင်းဆောင်မှုဆိုင်ရာ တာဝန်များ (သို့မဟုတ်) ကျောင်းပြင်ပ လှုပ်ရှားမှုများ တွင် ပါဝင်ခွင့် အရည်အချင်းများအပေါ် ဆိုးကျိုးသက်ရောက်မှု ရှိစေနိုင်ပါသည်။

## အပိုဒ် (၈) - ကိုယ်ရေး အချက်အလက်များ ကာကွယ်ခြင်းနှင့် လုံခြုံရေး

### အခြေခံမူဝါဒ သဘောတရား နှင့် ဥပဒေနှင့်အညီ လိုက်နာမှု

Dream Land International School သည် ကျောင်းသားများ၊ မိဘများ၊ ဝန်ထမ်းများနှင့် အခြားသော ကျောင်းအသိုင်းအဝိုင်းဝင်အားလုံး၏ ကိုယ်ရေး အချက်အလက်များ ကို ကာကွယ်ရန်နှင့် လုံခြုံစေရန် အပြည့်အဝ တာဝန်ယူထားပါသည်။ ကျောင်းအနေဖြင့် အပြည်ပြည်ဆိုင်ရာ အချက်အလက်ကာကွယ်ရေး စံချိန်စံညွှန်းများ နှင့် သက်ဆိုင်ရာ ဥပဒေများကို လိုက်နာ၍ ကိုယ်ရေးကိုယ်တာ အချက်အလက်များကို စုဆောင်းခြင်း၊ ကိုင်တွယ် ဆောင်ရွက်ခြင်းများ ပြုလုပ်ပါသည်။ ကျွန်ုပ်တို့၏ မူဝါဒသည် တရားဥပဒေနှင့်အညီ၊ တရားမျှတမှု၊ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုရှိခြင်း စသည့် အခြေခံမူများအပေါ် အတည်ပြုထားပါသည်။

### အချက်အလက်များ စီမံဆောင်ရွက်ခြင်း မူဘောင်များ

ကျောင်းမှ ကိုယ်ရေးကိုယ်တာ အချက်အလက်များကို တာဝန်ယူမှုရှိစွာဖြင့် စုဆောင်းသုံးစွဲပြီး၊ အချက်အလက် ကာကွယ်ရေး စံနှုန်းများနှင့်အညီ ဆောင်ရွက်ပါသည်။ အချက်အလက်များကို တရားဝင်သော ရည်ရွယ်ချက်များအတွက်သာ စုဆောင်းပြီး၊ တိကျမှန်ကန်၍ သက်ဆိုင်မှုရှိစေရန် ထားရှိကာ၊ လိုအပ်သလောက်သာ ထိန်းသိမ်းထားရှိပါသည်။ ခွင့်ပြုချက်မရှိဘဲ ဝင်ရောက်ကြည့်ရှုခြင်း သို့မဟုတ် အလွဲသုံးစားလုပ်ခြင်းကို ကာကွယ်ရန်အတွက်လည်း လုံခြုံစွာ ကာကွယ်ထားပါသည်။

### အချက်အလက်များ စုဆောင်းခြင်းနှင့် အသုံးပြုခြင်း

ကျောင်းမှ ကိုယ်ရေးကိုယ်တာ အချက်အလက်များကို ပညာရေး၊ စီမံခန့်ခွဲရေးနှင့် ကျောင်းသား စောင့်ရှောက်မှုဆိုင်ရာ ရည်ရွယ်ချက်များအတွက်သာ စုဆောင်းပါသည်။ ယင်းတွင် မှတ်တမ်းများ၊ ကျန်းမာရေးဆိုင်ရာ အချက်အလက်များနှင့် အရေးပေါ် အဆက်အသွယ်များ ပါဝင်ပါသည်။ အချက်အလက်အားလုံးကို တာဝန်ယူမှုရှိစွာနှင့် ကိုယ်ရေးကိုယ်တာ လုံခြုံရေး စည်းမျဉ်းများ (privacy regulations) နှင့်အညီ ကိုင်တွယ်ဆောင်ရွက်ပါသည်။

## အချက်အလက်များ လုံခြုံရေးအတွက် စီမံချက်များ

ကျောင်းမှ ကိုယ်ရေးကိုယ်တာ အချက်အလက်များကို လုံခြုံသော ဆာဗာများ၊ ကန့်သတ်ထားသော ဝင်ရောက်ခွင့်စနစ်၊ သော့ခတ်ထားသော သိုလှောင်ခန်းများနှင့် အချက်အလက် လုံခြုံရေးဆိုင်ရာ ဝန်ထမ်းများ လေ့ကျင့်ရေးတို့မှတစ်ဆင့် ကာကွယ်ပါသည်။ ဒစ်ဂျစ်တယ်နှင့် ရုပ်ပိုင်းဆိုင်ရာ မှတ်တမ်းများကို မလိုအပ်တော့သည့်အခါတွင် လုံခြုံစွာ စွန့်ပစ်ပြီး၊ ကိုယ်ရေးကိုယ်တာ လုံခြုံရေး စည်းမျဉ်းများနှင့်အညီ တာဝန်ယူမှုရှိစွာ ကိုင်တွယ်ဆောင်ရွက်ပါသည်။

## အချက်အလက်မျှဝေခြင်းနှင့် ပြင်ပ အဖွဲ့အစည်းများ

ကျောင်းမှ ကိုယ်ရေးကိုယ်တာ အချက်အလက်များကို ဥပဒေအရ လိုအပ်ပါက သို့မဟုတ် ကျန်းမာရေးအရေးပေါ်အခြေအနေကဲ့သို့သော တရားဝင်တောင်းဆိုချက် မှအပ အခြားပြင်ပအဖွဲ့အစည်းများနှင့် ရှင်းလင်းသော ခွင့်ပြုချက်မပါဘဲ မျှဝေခြင်းမပြုပါ။ ကျောင်းသုံးသတင်းအချက်အလက် စနစ်များကို စီမံခန့်ခွဲရန်အတွက် ပြင်ပအဖွဲ့အစည်းများကို အသုံးပြုသည့်အခါ ကျွန်ုပ်တို့၏ ကာကွယ်ရေး စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုရှိစေရန် တင်းကျပ်သော အချက်အလက် စီမံဆောင်ရွက်ခြင်း သဘောတူညီချက်များကို ချမှတ်ကျင့်သုံးပါသည်။

## ကိုယ်ရေးလုံခြုံမှုဆိုင်ရာ အသိပေးချက်များ

ကျောင်းသည် အချက်အလက်များ စုဆောင်းသည့်အဆင့်တွင် ကျောင်းသားများနှင့် မိဘများထံသို့ ရှင်းလင်းပြီး လွယ်ကူစွာဖတ်ရှုနိုင်သောပုံစံဖြင့် ကိုယ်ရေးလုံခြုံမှုဆိုင်ရာ အသိပေးချက်များကို ပေးအပ်ပြီး ထိုအချက်များတွင် မည်သည့်အချက်အလက်များကို စုဆောင်းသည်၊ အဘယ်ကြောင့် စုဆောင်းသည်၊ ၎င်းတို့ကို မည်သို့ အသုံးပြုမည် နှင့် ၎င်းတို့၏ အခွင့်အရေးများမှာ အဘယ်အရာတို့ ဖြစ်သည်ကို ရှင်းလင်းဖော်ပြထားပါသည်။

## တစ်ဦးချင်းစီ၏ အခွင့်အရေးများ

ဒေတာကာကွယ်ရေး ဥပဒေများနှင့် ကျောင်း၏ ကိုယ်ရေးလုံခြုံမှုဆိုင်ရာ ပြဋ္ဌာန်းနှင့်အညီ ကျောင်းသားအားလုံးနှင့် မိဘအားလုံးသည် ၎င်းတို့၏ ကိုယ်ရေးအချက်အလက်များနှင့် ပတ်သက်၍ တိကျသော အခွင့်အရေးများ ရှိကြပါသည်။ ဤအခွင့်အရေးများတွင် ကျောင်းမှ ပိုင်ဆိုင်ထားသော အချက်အလက်များကို ရယူကြည့်ရှုစစ်ဆေးခွင့်နှင့် မမှန်ကန်သော အသေးစိတ်အချက်အလက်များအား ပြင်ဆင်ရန်တောင်းခံနိုင်ခွင့်တို့ ပါဝင်ပါသည်။ တစ်ဦးချင်းသည် ၎င်းတို့၏ ဒေတာများကို သယ်ယူပြောင်းရွှေ့နိုင်သော ပုံစံဖြင့် ရရှိရန်တောင်းဆိုနိုင်ခြင်း သို့မဟုတ် တိုက်ရိုက်စျေးကွက်ရှာဖွေရေးကဲ့သို့သော အသုံးပြုမှုများကို ကန့်ကွက်နိုင်ခွင့်လည်း ရှိပါသည်။ ဤအခွင့်အရေးများသည် ကျောင်းဝန်းကျင်ရှိ လူတိုင်းအား ၎င်းတို့၏ ကိုယ်ရေး အချက်အလက်များအပေါ် ထိန်းချုပ်ခွင့်ကို ဆက်လက်ရရှိစေရန်နှင့် အချက်အလက်အားလုံး ကို ဥပဒေ ကျင့်ဝတ်နှင့် အညီ တာဝန်ယူမှုရှိရှိ ကိုင်တွယ်ဆောင်ရွက်မည်ဖြစ်ပါသည်။

### အချက်အလက် ပေါက်ကြားမှုဆိုင်ရာ ဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများ

တစ်ဦးချင်းစီ၏ အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို အန္တရာယ်ဖြစ်စေနိုင်သော အချက်အလက် ပေါက်ကြားမှု တစ်စုံတရာ ဖြစ်ပွားခဲ့သည့် အခြေအနေတွင် ကျောင်းသည် ၎င်း၏ အချက်အလက် ပေါက်ကြားမှု တုံ့ပြန်ရေး အစီအစဉ်ကို စတင်ဆောင်ရွက်မည် ဖြစ်ပါသည်။ ဤအစီအစဉ်တွင် ပေါက်ကြားမှုကို ထိန်းချုပ်ခြင်း၊ အန္တရာယ်အဆင့်ကို အကဲဖြတ်ခြင်း၊ သက်ဆိုင်ရာ ကြီးကြပ်ရေးအာဏာပိုင်အဖွဲ့အစည်းနှင့် ထိခိုက်ခံစားရသူများအား ဥပဒေအရ လိုအပ်သလို အသိပေးတင်ပြခြင်း တို့ ပါဝင်ပါသည်။

### ဓာတ်ပုံများနှင့် ဗီဒီယိုများ အသုံးပြုခြင်း

ကျောင်းသည် ပညာရေးဆိုင်ရာ ရည်ရွယ်ချက်များ၊ ကျောင်းမှ ထုတ်ဝေသော စာစောင်များနှင့် ကျောင်း၏ တရားဝင် ဆက်သွယ်ရေး ပလက်ဖောင်းများ (ဝက်ဘ်ဆိုက်၊ လူမှုကွန်ရက်စာမျက်နှာ) တို့တွင် အသုံးပြုရန်အတွက် ကျောင်းသားများ၏ ဓာတ်ပုံများနှင့် ဗီဒီယိုများကို မကြာခဏ ရိုက်ကူးလေ့ရှိပါသည်။

### မူဝါဒပြန်လည်သုံးသပ်ခြင်းနှင့် မေးမြန်းခြင်းများ

အချက်အလက် ကာကွယ်ရေးမူဝါဒကို နှစ်စဉ်နှစ်တိုင်း ပြန်လည်သုံးသပ်ပါသည်။ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များနှင့် ပတ်သက်သည့် မေးခွန်းများ သို့မဟုတ် တောင်းဆိုချက်များရှိပါက ကျောင်းရုံးရှိ သတ်မှတ်ထားသော အချက်အလက်ကာကွယ်ရေးမှူးထံ စာဖြင့် တိုက်ရိုက်ဆက်သွယ်ပြောဆိုရမည်ဖြစ်ပါသည်။

## အပိုဒ် (၉) - ကျောင်းပိုင် အဆောက်အအုံများနှင့် သင်ထောက်ကူပစ္စည်းများ အသုံးပြုခြင်း

### ယေဘုယျ အသုံးပြုခြင်းနှင့် ဝေမျှသုံးစွဲရာနေရာများ

Dream Land International School သည် ဘေးကင်းလုံခြုံပြီး ပံ့ပိုးကူညီမှုရှိသော၊ ကောင်းမွန်စွာ ထိန်းသိမ်းထားသည့် သင်ယူမှုပတ်ဝန်းကျင်တစ်ရပ်ကို ပေးစွမ်းရန် ရည်ရွယ်ထားပါသည်။ ကျောင်းသား/သူတိုင်းသည် ကျောင်းအသိုင်းအဝန်းတစ်ခုလုံး အကျိုးဖြစ်ထွန်းစေရန်အတွက် ကျောင်း၏ အဆောက်အအုံများကို တာဝန်ယူမှု၊ တာဝန်ခံမှုရှိရှိနှင့် ရိုသေလေးစားစွာဖြင့် အသုံးပြုရန် မျှော်လင့်ထားပြီး ကျောင်းဝန်းထဲရှိ ဝေမျှသုံးစွဲရာ နေရာများကို ဂရုတစိုက် အသုံးပြုရမည်ဖြစ်ပါသည်။ ကျောင်းဝန်းအတွင်းရှိ နေရာအသီးသီးကို အမြဲတမ်း သန့်ရှင်းပြီး စနစ်တကျ ထားရှိရပါမည်။ ပရိဘောဂများ၊ သင်ထောက်ကူပစ္စည်းများကို ဂရုတစိုက် အသုံးပြုရမည့်အပြင် အသုံးပြုပြီးသည့်အခါ ၎င်းတို့၏ မူလနေရာသို့ ပြန်လည်ထားရှိရပါမည်။ ကျောင်းသား/သူများသည် စင်္ကြံနှင့်လမ်းများနှင့် အများသုံးနေရာများအတွင်း အေးချမ်းစွာ သွားလာရမည်ဖြစ်ပြီး ပျက်စီးမှုတစ်စုံတစ်ရာ သို့မဟုတ် ပြုပြင်ထိန်းသိမ်းရမည့် အရာတစ်ခုခုကို တွေ့ရှိပါက ဝန်ထမ်းများထံသို့ ချက်ချင်း အသိပေး တင်ပြရမည် ဖြစ်ပါသည်။ မတော်တဆမှုများ ဖြစ်ပွားပါက၊ ကျောင်းသား/သူများအား ထိုအတွေ့အကြုံမှ သင်ယူနိုင်စေရန်နှင့် ၎င်းတို့၏ တာဝန်ဝတ္တရားများကို နားလည်သဘောပေါက်စေရန်အတွက် ဆွေးနွေးမှုများပြုလုပ်ခြင်းနှင့် သင့်တော်သော နောက်ဆက်တွဲ လုပ်ဆောင်ချက်များဖြင့် အခြေအနေကို ကိုင်တွယ်ဖြေရှင်းသွားမည် ဖြစ်ပါသည်။

## စာကြည့်တိုက်နှင့် သင်ယူမှုစင်တာ

စာကြည့်တိုက်နှင့် သင်ယူမှုစင်တာသည် စာလေ့လာခြင်း၊ စာဖတ်ခြင်းနှင့် သုတေသနပြုလုပ်ခြင်းတို့အတွက် တိတ်ဆိတ်အေးချမ်းသော နေရာများ ဖြစ်ပါသည်။ ကျောင်းသား/သူများအနေဖြင့် တိတ်ဆိတ်အေးချမ်းသောပတ်ဝန်းကျင်ကို ထိန်းသိမ်းရန်၊ အခြားသူများ၏လိုအပ်ချက်များကို လေးစားရန်နှင့် စာကြည့်တိုက်မှပစ္စည်းများကို ဂရုတစိုက် အသုံးပြုရန် မျှော်လင့်ထားပါသည်။ စာအုပ်အားလုံးနှင့် သင်ထောက်ကူပစ္စည်းများကို စနစ်တကျ ငှားရမ်း အသုံးပြုပြီး ပြန်လည်ပေးအပ်ရမည် ဖြစ်ပါသည်။ စာကြည့်တိုက်အတွင်း စားသောက်ဖွယ်ရာများ ယူဆောင်ခွင့် မပြုပါ။ မိုဘိုင်းဖုန်းများကို ပညာရေးဆိုင်ရာ ရည်ရွယ်ချက်များအတွက်သာ အသုံးပြုရမည် ဖြစ်ပါသည်။ အကယ်၍ ပစ္စည်းများ ပျောက်ဆုံးခြင်း သို့မဟုတ် ပျက်စီးခြင်းဖြစ်ပေါ်ပါက၊ အစားထိုးဝယ်ယူခြင်း သို့မဟုတ် စာကြည့်တိုက်ရန်ပုံငွေ ထည့်ဝင်ပေးခြင်းကဲ့သို့သော တရားမျှတ၍ အထောက်အကူပြုသော ဖြေရှင်းချက်တစ်ရပ်ကို စီစဉ်ဆောင်ရွက်နိုင်ရန်အတွက် ကျောင်းမှ ကျောင်းသား/သူများ၊ မိသားစုဝင်များနှင့် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။

## သိပ္ပံဓာတ်ခွဲခန်းများ

ဓာတ်ခွဲခန်းများသည် ဘေးကင်းလုံခြုံရေးနှင့် စည်းကမ်းလိုက်နာခြင်းကို အထူးဂရုပြုရန် လိုအပ်ပါသည်။ ကျောင်းသား/သူများသည် ဆရာ/ဆရာမ၏ ညွှန်ကြားချက်များကို ဂရုတစိုက်လိုက်နာရမည်ဖြစ်ပြီး ဓာတ်ခွဲစမ်းသပ်မှုပြုလုပ်သည့်အခါတိုင်း ကာကွယ်ရေးပစ္စည်းများ ဝတ်ဆင်ရမည်ဖြစ်ပါသည်။ ဓာတ်ခွဲခန်းသုံး ပစ္စည်းအားလုံးကို စနစ်တကျ အသုံးပြုရမည်ဖြစ်ပြီး မည်သည့်ဓာတ်ခွဲစမ်းသပ်မှုကိုမျှ ဆရာ/မ တိုက်ရိုက်ကြီးကြပ်မှုမပါဘဲ မပြုလုပ်ရပါ။ ဓာတ်ခွဲခန်းနေရာများကို စနစ်ကျပြီး သန့်ရှင်းသပ်ရပ်စွာ ထားရှိရမည်ဖြစ်ပြီး အသုံးပြုပြီးသည့် စွန့်ပစ်ပစ္စည်းအားလုံးကို ဘေးကင်းလုံခြုံရေးဆိုင်ရာ ညွှန်ကြားချက်များ နှင့်အညီ စွန့်ပစ်ရမည်ဖြစ်ပါသည်။ ကျောင်းသား/သူများအား လူတိုင်းအတွက် ဘေးကင်းသော ပတ်ဝန်းကျင်ကို မည်သို့ထိန်းသိမ်းရမည်ကို နားလည်စေရန်အတွက် မည်သည့်ဘေးအန္တရာယ်ဖြစ်စေနိုင်သော လုပ်ဆောင်ချက်ကိုမဆို ချက်ချင်းဆွေးနွေးညှိနှိုင်းသွားမည်ဖြစ်ပါသည်။

## ထမင်းစားခန်း နှင့် စားသောက်ရန်နေရာများ

ထမင်းစာခန်း နှင့် စားသောက်ရန်နေရာများသည် လူမှုရေးဆိုင်ရာ ယဉ်ကျေးမှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် သန့်ရှင်းသပ်ရပ်မှုတို့ကို မြှင့်တင်ပေးသည့် အများသုံး နေရာများဖြစ်ပါသည်။ ကျောင်းသား/သူများအနေဖြင့် စိတ်ရှည်စွာ တန်းစီရန်၊ ဝန်ထမ်းများနှင့် အတန်းဖော်များအား ယဉ်ကျေးစွာ ဆက်ဆံရန်နှင့် သတ်မှတ်ထားသော နေရာများတွင်သာ စားသောက်ရန် မျှော်လင့်ထားပါသည်။ စားပွဲနှင့် ခုံများကို ညစ်ပတ်ခြင်းမရှိစေရန်နှင့် သန့်ရှင်းသပ်ရပ်စွာ ထားခဲ့ရမည်ဖြစ်ပြီး စွန့်ပစ်ပစ္စည်းများကို သင့်တော်သော နေရာများတွင် စွန့်ပစ်ရပါမည်။ အကယ်၍ သတိပေးလမ်းညွှန်မှုများ လိုအပ်ပါက၊ ဆရာ/ဆရာမများနှင့် ဝန်ထမ်းများသည် ကျောင်းသား/သူများအား လေးစားဖွယ်ကောင်းပြီး တာဝန်ယူမှုရှိသော စားသောက်ခြင်းဆိုင်ရာ အလေ့အထများ ကျင့်သုံးနိုင်စေရန် လမ်းညွှန်ပေးသွားမည်ဖြစ်ပါသည်။

## အားကစားနှင့် ကာယလေ့ကျင့်ခန်းဆိုင်ရာ အဆောက်အဦများ

အသင်းအဖွဲ့လိုက် ပူးပေါင်းဆောင်ရွက်မှု၊ စည်းကမ်းရှိမှုနှင့် ကိုယ်ခန္ဓာကျန်းမာရေးတို့ကို မြှင့်တင်ရန်အတွက် အားကစားနှင့် ကာယလေ့ကျင့်ခန်းဆိုင်ရာ အဆောက်အဦများကို ထောက်ပံ့ပေးထားပါသည်။ ကျောင်းသား/သူများသည် သတ်မှတ်ထားသော အားကစားဝတ်စုံကို ဝတ်ဆင်ရမည်ဖြစ်ပြီး၊ ဘေးကင်းရေးစည်းမျဉ်းများကို လိုက်နာရမည်ဖြစ်သည့်အပြင်၊ နည်းပြများနှင့် ဆရာ/မများ၏ ညွှန်ကြားချက်များကို အချိန်တိုင်း နာခံရမည်ဖြစ်ပါသည်။အားကစားပစ္စည်းကိရိယာများကို ၎င်းတို့၏ မူလရည်ရွယ်ချက်အတွက်သာ အသုံးပြုရမည်ဖြစ်ပြီး အသုံးပြုပြီးသည့်အခါ စနစ်တကျ ပြန်လည်အပ်နှံရပါမည်။ လုပ်ဆောင်မှုများအားလုံးကို အသင်းဖော်များနှင့် ပြိုင်ဘက်များအပေါ် တရားမျှတမှုနှင့် လေးစားမှုရှိစွာဖြင့် ပြုလုပ်ဆောင်ရွက်ရမည်ဖြစ်သည်။ လိုက်နာရမည့် စည်းကမ်းချက်များကို မပြည့်မီသည့်အခါ၊ ကျောင်းမှ ကျောင်းသား/သူများ၏ အပြုအမူကို ပိုမိုကောင်းမွန်လာစေရန် လမ်းညွှန်မှုနှင့် ပြန်လည်ဆင်ခြင်သုံးသပ်ခွင့် အခွင့်အရေးများကို ပေးအပ်သွားမည် ဖြစ်ပါသည်။

## ပျက်စီးဆုံးရှုံးမှုများအတွက် တာဝန်ယူမှုများ

ကျောင်းပိုင်ပစ္စည်းများကို ပေါ့ဆမှုကြောင့်သော်လည်းကောင်း ၊ မလျော်စွာအသုံးပြုမှုကြောင့် သော်လည်းကောင်း ပျက်စီးစေခဲ့ပါက ကျောင်းမှ ထိုကိစ္စကို အပြုသဘောဆောင်ပြီး တရားမျှတစွာ ကိုင်တွယ်ဖြေရှင်းသွားမည်ဖြစ်ပါသည်။ ကျောင်းသား/သူများနှင့် မိဘများကို အသိပေးမည်ဖြစ်ပြီး၊ ဝန်ထမ်းများနှင့်အတူ ၎င်းတို့သည် တာဝန်ယူမှုနှင့် ဂရုစိုက်မှုကို မြှင့်တင်ရန်အတွက် ပြုပြင်ခြင်း၊ အစားထိုးကုန်ကျစရိတ်အတွက် ထောက်ပံ့ခြင်း သို့မဟုတ် လူမှုအကျိုးပြုလုပ်ငန်းများဆောင်ရွက်ခြင်းကဲ့သို့သော သင့်လျော်သည့် အဆင့်များကို သဘောတူဆုံးဖြတ်သွားမည်ဖြစ်ပါသည်။ ဤလုပ်ငန်းစဉ်၏ ရည်ရွယ်ချက်မှာ အပြစ်ပေးရန်မဟုတ်ဘဲ၊ ပညာပေးရန် နှင့် တာဝန်ဝတ္တရားမျှဝေယူတတ်စေရန် အတွက်သာ ဖြစ်ပါသည်။

## နိဂုံးချုပ်

Dream Land International School သည် ကျောင်း၏ အဆောက်အအုံနှင့် ပစ္စည်းကိရိယာများကို ဂရုတစိုက် အသုံးပြုခြင်းသည် မိမိ၏ ပတ်ဝန်းကျင်အပေါ် ဂုဏ်စိတ်ရှိမှုကိုပြသခြင်းဖြစ်ပြီး အခြားသူများအပေါ် လေးစားမှုကို ထင်ဟပ်သည်ဟု ယုံကြည်ထားပါသည်။ အရင်းအမြစ်များကို ဂရုတစိုက် အသုံးပြုခြင်းနှင့် ဝေမျှသုံးစွဲရာ နေရာများကို တာဝန်ယူမှုရှိရှိ ထိန်းသိမ်းခြင်းအားဖြင့် ကျောင်းသား/သူတိုင်းသည် အပြုသဘောဆောင်ပြီး ဘေးကင်းလုံခြုံကာ ကြင်နာစိတ်ရှိသော သင်ယူမှုပတ်ဝန်းကျင်တစ်ခု တည်ဆောက်ရာတွင် ပံ့ပိုးပေးလျက်ရှိပါသည်။

# အပိုဒ် (၁၀) - ပြုမူနေထိုင်မှုဆိုင်ရာ အမှတ်ပေးစနစ်နှင့် စည်းကမ်းထိန်းသိမ်းရေးမူဘောင်

## စနစ်၏ အခြေခံမူဝါဒများ

Dream Land International School သည် ထိရောက်သော စည်းကမ်းထိန်းသိမ်းမှုသည် ကျောင်းသား/သူများအား မိမိကိုယ်ကို ထိန်းချုပ်နိုင်မှု၊ စာနာထောက်ထားမှုနှင့် တာဝန်ယူမှုရှိသော နိုင်ငံသားကောင်းဖြစ်လာစေရန် လမ်းညွှန်ပေးသည့် သင်ယူမှုလုပ်ငန်းစဉ် တစ်ရပ်ဖြစ်သည်ဟု ယုံကြည်ထားပါသည်။ ပြုမူနေထိုင်မှုဆိုင်ရာ အမှတ်ပေးစနစ်နှင့် စည်းကမ်းထိန်းသိမ်းရေးမူဘောင်သည် အပြစ်ပေးခြင်းထက် ပုဂ္ဂိုလ်ရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုကို အလေးထားကာ၊ မြင့်မားသော

ပြုမူနေထိုင်မှုဆိုင်ရာ စံနှုန်းများကို ထိန်းသိမ်းနိုင်ရန်အတွက် ပွင့်လင်းမြင်သာပြီး ခိုင်မာတိကျသော ချဉ်းကပ်နည်းတစ်ရပ်ကို ထောက်ပံ့ပေးပါသည်။ စနစ်တကျ တည်ဆောက်ထားသော အမှတ်ပေးစနစ်နှင့် အဆင့်ဆင့် တုံ့ပြန်သည့်စနစ်တို့ကို ပေါင်းစပ်အသုံးပြုခြင်းအားဖြင့်၊ ကျောင်းအနေဖြင့် တရားမျှတမှု၊ အရေးယူဆောင်ရွက်မှု တို့ကို စောစီးစွာပြုလုပ်နိုင်မှုနှင့် တာဝန်ခံမှုတို့ကို သေချာစေပါသည်။ ဤမူဘောင်အတွင်းရှိ လုပ်ဆောင်ချက်တိုင်းသည် ကျောင်းသား/သူများအား ၎င်းတို့၏အပြုအမူများကို ပြန်လည်သုံးသပ်ခြင်း၊ ပိုမိုကောင်းမွန်သောရွေးချယ်မှုများပြုလုပ်ခြင်းနှင့် ကျောင်းဝန်းကျင်အတွင်း အပြုသဘောဆောင်သော ဆက်ဆံရေးများကို ပြန်လည်ထူထောင်ခြင်းတို့ကို ရည်ရွယ်ပါသည်။ ဆရာ/မများ၊ မိဘများနှင့် ကျောင်းအုပ်ချုပ်ရေးမှူးများသည် ကျောင်းသား/သူ တစ်ဦးစီတိုင်းကို ရင့်ကျက်မှုနှင့် ကိုယ်ကျင့်တရားဆိုင်ရာ အသိတရားများဆီသို့ လမ်းညွှန်ရန် တာဝန်များကို အတူတကွ မျှဝေယူထားပါသည်။

ကျွန်ုပ်တို့၏ ဆောင်ပုဒ်ဖြစ်သော **"ကမ္ဘာအနှံ့ တွေးခေါ်ပါ၊ ဒေသတွင်း၌ သင်ယူပါ"** ("Think Global, Learn Local") နှင့်အညီ Dream Land International School ကျောင်းတစ်ဝှမ်းတွင် ပံ့ပိုးကူညီမှုနှင့် လေးစားမှုရှိသော ပတ်ဝန်းကျင်ကို မြှင့်တင်ပေးရင်း အပြုသဘောဆောင်သော အပြုအမူများကို သင်ကြားပို့ချပေးခြင်းနှင့် ဆုချခြင်းအပေါ် အဓိကထားပါသည်။

ကျွန်ုပ်တို့၏ အခြေခံ အပြုအမူဆိုင်ရာ မျှော်မှန်းချက်များမှာ-

- မိမိ၏ လုပ်ရပ်များအတွက် **တာဝန်ယူပါ**
- လူတိုင်းကို **လေးစားမှု ပြပါ**
- အချိန်တိုင်း သင်ယူရန်အတွက် **အသင့်ရှိပြီး စိတ်အားထက်သန်ပါ**

ကျောင်းအနေဖြင့် ဘာသာ၊ လူမျိုး၊ နောက်ခံအခြေအနေ မည်သို့ပင်ရှိစေကာမူ တစ်ဦးချင်းစီတိုင်း တန်ဖိုးရှိသည်ဟု ခံစားရပြီး ကျောင်းမိသားစု၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်ဟု ခံစားရသော ယဉ်ကျေးမှုကို တည်ဆောက်ရန် ရည်ရွယ်ပါသည်။

အပြုအမူ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ အစီအမံများသည် ကျောင်းသားများကို ရိုးရှင်းစွာ အပြစ်ပေးရန်အတွက် မဟုတ်ဘဲ ၎င်းတို့၏ အမှားများမှ သင်ယူနိုင်ရန် လမ်းညွှန်ပေးရန်နှင့် ပံ့ပိုးပေးရန် ရည်ရွယ်ပါသည်။ ထိုအစီအမံများသည် ကျောင်းသားများအား **တာဝန်ယူမှု ရှိလာစေရန်၊ အပြုသဘောဆောင်သော အပြုအမူများ ဖွံ့ဖြိုးလာစေရန်**နှင့် ၎င်းတို့၏ လုပ်ရပ်များ၏ အကျိုးသက်ရောက်မှုကို နားလည်လာစေရန် အားပေးပါသည်။ တစ်ချိန်တည်းမှာပင် ဘေးကင်းပြီး လေးစားမှုရှိသော ကျောင်းပတ်ဝန်းကျင်ကို ထိန်းသိမ်းထားသည်။ ရည်ရွယ်ချက်မှာ **ကြီးထွားမှု၊ သင်ယူမှုနှင့် တိုးတက်မှု**အပေါ် အာရုံစိုက်ပြီး ကျောင်းသားများအနေဖြင့် ကျောင်း၏တန်ဖိုးများကို စိတ်ထဲတွင် စွဲမြဲစေရန်နှင့် အနာဂတ်တွင် ပိုမိုကောင်းမွန်သော ရွေးချယ်မှုများ ပြုလုပ်နိုင်ရန် ကူညီပေးရန် ဖြစ်ပါသည်။

## အမှတ်ပေးစနစ်၏ ဖွဲ့စည်းပုံ

အပြုအမူဆိုင်ရာ အမှတ်များကို စည်းကမ်းချိုးဖောက်မှု ပြင်းထန်မှုအဆင့်အတိုင်း သတ်မှတ်ပေးပြီး ပညာသင်နှစ်ဝက် တစ်ခုစီအတွင်း မှတ်တမ်းတင်ထားသည်။ အမှတ်သတ်မှတ်ပေးပြီးသည့်နောက် (၂၄)နာရီ အတွင်း မိဘများထံသို့ စနစ်တကျ အကြောင်းကြားချက် ပေးပို့ပြီး၊ စာသင်နှစ်အသစ် (သို့မဟုတ်) အတန်းအသစ် စတင်တိုင်း မှတ်တမ်းကို သုညမှ ပြန်လည် စတင်မည်ဖြစ်ပါသည်။ အမှတ်ပေးရာတွင်

ညှိနှိုင်းဆောင်ရွက်ရေးနှင့် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့က မှတ်တမ်းတစ်ခုချင်းစီကို ၎င်းတို့ဖြစ်ပွားရသည့် နောက်ခံအကြောင်းရင်း၊ မှုတမှု၊ ကျူးလွန်မှုနှင့် ကိုက်ညီမှုရှိစေရန် ပြန်လည်သုံးသပ်ပါသည်။ နောက်ဆက်တွဲ အကျိုးဆက်များ ဆုံးဖြတ်ခြင်းမပြုမီ ကျူးလွန်သူ၏ ရည်ရွယ်ချက်၊ ဖြစ်ပွားရသည့် အခြေအနေနှင့် ယခင်က အပြုအမူများ စသည့်အချက်အလက်များကို အမြဲထည့်သွင်းစဉ်းစားပါသည်။

## အပြုအမူဆိုင်ရာ အမှတ်ပေးစနစ်

စည်းကမ်းထိန်းသိမ်းရေးတွင် တစ်သမတ်တည်းဖြစ်ပြီး ပွင့်လင်းမြင်သာမှုရှိစေရန်အတွက် Dream Land International School သည် စနစ်တကျ ဖွဲ့စည်းထားသော အမှတ်ပေးစနစ်ကို ကျင့်သုံးပါသည်။ စည်းကမ်းချိုးဖောက်မှုများကို ၎င်းတို့၏ ပြင်းထန်မှုအဆင့်အလိုက် အမျိုးအစားခွဲခြားကာ အမှတ်များ သတ်မှတ်ပေးပြီး၊ ကျောင်းသား၏ စုစုပေါင်းအမှတ်များ မြင့်တက်လာသည်နှင့်အမျှ အကျိုးဆက်များကို အဆင့်ဆင့် တိုးမြှင့်၍ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## အမှတ်လျှော့ချနိုင်သည့် အခွင့်အလမ်းများ

Dream Land International School သည် စည်းကမ်းထိန်းသိမ်းရေးသည် ကြီးထွားဖွံ့ဖြိုးမှု၊ တာဝန်ယူမှုနှင့် စာရိတ္တမြင့်တင်မှုတို့ကို အားပေးသင့်သည်ဟု ယုံကြည်ပါသည်။ အမှတ်လျှော့ချသည့် စနစ်သည် ကျောင်းသားများအား အပြုသဘောဆောင်သော အပြုအမူများကို ပြသရန်နှင့် ကျောင်းပတ်ဝန်းကျင်အပေါ် အဓိပ္ပာယ်ပြည့်ဝစွာ ပံ့ပိုးကူညီမှုများ ပြုလုပ်ခြင်းဖြင့် ၎င်းတို့၏ စည်းကမ်းဆိုင်ရာ မှတ်တမ်းများကို ပြန်လည်တည်ဆောက်ရန် တိုက်တွန်းအားပေးပါသည်။ ပညာသင်နှစ် ကာလတစ်လျှောက်လုံး စည်းကမ်းဖောက်ဖျက်မှုအသစ်များ တစ်စုံတစ်ရာမရှိဘဲ ကောင်းမွန်သောအပြုအမူကို ထိန်းသိမ်းထားနိုင်သော ကျောင်းသားများသည် ငါးမှတ်လျှော့ချခွင့် ရရှိနိုင်ပါသည်။ အတည်ပြုပြီးသော လူမှုအကျိုးပြုလုပ်ငန်းတွင် ဝန်ဆောင်မှုပေးသည့် နာရီတိုင်းအတွက် ကျောင်းသားများသည် တစ်မှတ် ရရှိနိုင်ပြီး၊ ပညာသင်နှစ်ကာလတစ်ခုအတွင်း အများဆုံး ငါးမှတ်အထိ ရရှိနိုင်ပါသည်။ ထို့အပြင်၊ ဆရာများကို ကူညီခြင်း၊ အတန်းဖော်များကို လမ်းညွှန်ပေးခြင်း (mentoring) သို့မဟုတ် ကျောင်းပရောဂျက်များတွင် ပါဝင်ကူညီခြင်း စသည့် ဦးဆောင်မှုနှင့် စိတ်အားထက်သန်မှုကို ပြသသော ကျောင်းသားများသည် ပညာသင်ကာလတိုင်းတွင် အများဆုံး နှစ်မှတ်အထိ လျှော့ချခွင့် ရရှိနိုင်သည်။ ဤစနစ်သည် စည်းကမ်းထိန်းသိမ်းရေးသည် အကျိုးဆက်များအတွက်သာမဟုတ်ဘဲ ပြန်လည်သုံးသပ်ခြင်း၊ ပြန်လည်တည်ဆောက်ခြင်းနှင့် ကိုယ်ပိုင်တိုးတက်မှုအတွက် အခွင့်အလမ်းများ ဖန်တီးပေးရန်အတွက်ဖြစ်သည်ကို အလေးပေးဖော်ပြထားပါသည်။

# အပိုဒ် (၁၁) - ကျောင်းဝင်း အတွင်း လုပ်ငန်းဆောင်ရွက်မှုများ

## ပျောက်ဆုံးပစ္စည်း ရှာဖွေရေး လုပ်ထုံးလုပ်နည်းများ

Dream Land International School သည် ကျောင်း၏အဓိကရုံး၌ပင် ပျောက်ဆုံး-ရှာဖွေတွေ့ရှိသည့် ပစ္စည်းများထားရှိရန် ထိန်းသိမ်းထားရှိရန် သတ်မှတ်ထားပါသည်။ ကျောင်းသားများနှင့် မိဘများအနေဖြင့် မတော်တဆ ပျောက်ဆုံးသွားသည့် ပစ္စည်းများကို ဤနေရာတွင် စစ်ဆေးကြည့်ရှုရန် တိုက်တွန်းထားပါသည်။ တွေ့ရှိထားသော ပစ္စည်းအားလုံးကို ကျောင်းဝန်ထမ်းများထံ ချက်ချင်း လွှဲအပ်ရမည်ဖြစ်ပါသည်။ တန်ဖိုးရှိသော ပစ္စည်းများ ပြန်လည်ရရှိစေရန်အတွက်၊ ယူနီဖောင်း၊ စာအုပ်များ၊ ရေဘူးများ အပါအဝင် ကိုယ်ပိုင် ပစ္စည်းအားလုံးကို ကျောင်းသား၏ အမည်နှင့် အတန်းကို ရှင်းလင်းစွာ အမှတ်အသားပြုလုပ်ထားရန် အကြံပြုထားပါသည်။ လာရောက်ထုတ်ယူခြင်းမရှိသော ပစ္စည်းများကို ရက်ပေါင်း (၃၀)အထိ

သိမ်းဆည်းထားမည်ဖြစ်ပြီး ထိုကာလနောက်ပိုင်းတွင်၊ အသုံးပြုနိုင်သော ပစ္စည်းများကို ပရဟိတအဖွဲ့သို့ လှူဒါန်းနိုင်ခြင်းဖြင့် အကျိုးပြုနိုင်ပြီး၊ အလွယ်တကူ ပျက်စီးနိုင်သော သို့မဟုတ် ပျက်စီးနေသော ပစ္စည်းများကို တာဝန်ယူမှုရှိစွာ စွန့်ပစ်သွားမည်ဖြစ်ပါသည်။ ပျောက်ဆုံးသွားသော သို့မဟုတ် ခိုးယူခံရသော ကိုယ်ပိုင်ပစ္စည်းများအတွက် ကျောင်းက တာဝန်ယူနိုင်မည် မဟုတ်ပါ။ ကျောင်းသား/သူများအနေဖြင့် တန်ဖိုးကြီးသော သို့မဟုတ် မလိုအပ်သော ပစ္စည်းများကို ကျောင်းသို့ ယူဆောင်လာမှု မပြုရန် အကြံပြုထားပါသည်။

## မတော်တဆ ထိခိုက်မှု

**ကျောင်းဝင်းအတွင်း (On-Campus)**

ကျောင်းအနေဖြင့် ကိုယ်ပိုင်မတော်တဆမှုဆိုင်ရာ အာမခံကာကွယ်မှု (personal accident coverage) ကို ပေးအပ်ခြင်းမရှိပါ။ မိဘများသည် ၎င်းတို့၏ကလေးအတွက် လုံလောက်သော ကိုယ်ပိုင်မတော်တဆမှုနှင့် ဆေးဘက်ဆိုင်ရာ အာမခံကာကွယ်မှုများ ရှိစေရန် တာဝန်ရှိပါသည်။ ထိခိုက်ဒဏ်ရာရရှိပါက ကျောင်းမှ ချက်ချင်း လိုအပ်သောဆေးဘက်ဆိုင်ရာ ကုသမှုများ စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ပြီး မိဘများနှင့် ဆက်သွယ်မည်ဖြစ်ပါသည်။

**ကျောင်းပြင်ပ လှုပ်ရှားမှုများ (Off-Campus Activities)**

အာမခံ အကျုံးဝင်မှု ပေးထားပါက မည်သည့်ခရီးစဉ်မဆို မသွားရောက်မီ မိဘများအား တိကျရှင်းလင်းစွာ အသိပေးသွားမည်ဖြစ်ပါသည်။

## ပညာရေးဆိုင်ရာ လေ့လာရေးခရီးများနှင့် ကျောင်းပြင်ပ လှုပ်ရှားမှုများ

ပညာရေးဆိုင်ရာ လေ့လာရေးခရီးများ၊ ကွင်းဆင်းလေ့လာရေးများ နှင့် သင်ရိုးပြင်ပ လှုပ်ရှားမှုအများစုတွင် ပါဝင်ခြင်းအတွက် ကျောင်းအာမခံဖြင့် အကျုံးဝင်ခြင်း မရှိပါ။ အာမခံ အကျုံးဝင်မှု ပေးထားပါက မည်သည့်ခရီးစဉ်မဆို မသွားရောက်မီ မိဘများအား တိကျရှင်းလင်းစွာ အသိပေးသွားမည်ဖြစ်ပါသည်။ ကျောင်းပြင်ပ လှုပ်ရှားမှုတစ်ခုချင်းစီအတွက် အာမခံ စီစဉ်မှုများကို စစ်ဆေးရန်နှင့် ၎င်းတို့ မဖြစ်မနေ လိုအပ်သည်ဟု ယူဆသော နောက်ထပ် အာမခံများကို ဝယ်ယူရန်မှာ မိဘများ၏ တာဝန်သာ ဖြစ်ပါသည်။ ကျောင်း၏ ပေါ့ဆမှုကြောင့် တိုက်ရိုက်ဖြစ်ပေါ်လာကြောင်း သက်သေပြနိုင်သည့် ဆုံးရှုံးမှု၊ ပျက်စီးမှု သို့မဟုတ် ထိခိုက်ဒဏ်ရာရမှုမှအပ၊ ကျောင်းသားများ သို့မဟုတ် ၎င်းတို့၏ ကိုယ်ပိုင်ပစ္စည်းများ ဆုံးရှုံးမှု၊ ပျက်စီးမှု သို့မဟုတ် ထိခိုက်ဒဏ်ရာရမှုများအတွက် ကျောင်းမှ တာဝန်ယူမည်မဟုတ်ပါ။

## ကျောင်းဝင်းလုံခြုံရေး

Dream Land International Schoolသည် ကျောင်းသားများ၊ ဝန်ထမ်းများနှင့် ဧည့်သည်များ၏ ဘေးကင်းလုံခြုံရေးကို အမြင့်ဆုံးဦးစားပေး အနေဖြင့်ထားရှိပါသည်။ ကျောင်းသည် ကျောင်းချိန်အတွင်းနှင့် ကျောင်းချိန်ပြင်ပတွင် တာဝန်ထမ်းဆောင်နေသော စနစ်တကျ လေ့ကျင့်ထားသော လုံခြုံရေး ဝန်ထမ်းများ၊ ဝင်ပေါက်များကို ထိန်းချုပ်ကာ ဝင်ရောက်လာသော ဧည့်သည်အားလုံးကို တရားဝင်အထောက်အထားပြသရန်၊ စာရင်းသွင်းရန်နှင့် မြင်သာသော ဧည့်သည်ကတ်ပြားများ ဝတ်ဆင်စေခြင်းတို့အပြင် ကျောင်းဝင်းအနှံ့ တပ်ဆင်ထားသည့် CCTV ကင်မရာများမှတစ်ဆင့် ၂၄ နာရီ စောင့်ကြည့်မှုတို့ ပါဝင်သည့် ပြည့်စုံသော လုံခြုံရေးစနစ်ကို ထိန်းသိမ်းထားပါသည်။ မိဘများသည် ကျောင်းဝင်းအတွင်း၌သာ လုပ်ပိုင်ခွင့်ရှိသူများ ရှေ့မှောက်တွင်သာ စီစီတီဗီ (CCTV) မှတ်တမ်းများ ကြည့်ရှုရန် တောင်းဆိုနိုင်ပါသည်။ ဤစနစ်များသည် ခွင့်ပြုချက်ရရှိထားသူများသာ ကျောင်းဝင်းအတွင်း ဝင်ရောက်ခွင့်ရရှိစေရန်၊ ဘေးကင်းလုံခြုံရေးနှင့် တာဝန်ယူမှုရှိစေရန်အတွက် လှုပ်ရှားမှုအားလုံးကို စောင့်ကြည့်ထိန်းချုပ်နိုင်စေရန် သေချာစေပါသည်။ကျောင်းသား/သူများကို

အရေးပေါ်ဆက်သွယ်ရေးဖောင်များတွင် စာရင်းသွင်းထားသော မိဘများ၊ အုပ်ထိန်းသူများ သို့မဟုတ် သတ်မှတ်လူကြီးများထံသို့သာ လွှဲအပ်ပေးမည်ဖြစ်ပြီး၊ လိုအပ်ပါက အထောက်အထားစစ်ဆေးမှု ပြုလုပ်မည်ဖြစ်ပါသည်။ ကျောင်း၏ ကျင့်ဝတ်စည်းကမ်း (Code of Conduct) နှင့်အညီ အပိုဒ် (၇) တွင် ဖော်ပြထားသည့်အတိုင်း လက်နက်များ၊ အန္တရာယ်ရှိသောပစ္စည်းများ သို့မဟုတ် တားမြစ်ထားသော အရာဝတ္ထုများကို လက်ဝယ်ထားရှိခြင်းအား လုံးဝ တင်းကျပ်စွာ တားမြစ်ထားပါသည်။ မည်သည့်ချိုးဖောက်မှုကိုမဆို တွေ့ရှိပါက ချက်ချင်း သိမ်းဆည်းခြင်းနှင့် စည်းကမ်းပိုင်းဆိုင်ရာ ပြန်လည်စစ်ဆေးခြင်းများ ပြုလုပ်သွားမည်ဖြစ်ပါသည်။ ဤစနစ်များဖြင့် Dream Land International School သည် သင်ကြားရေးနှင့် သင်ယူရေးလုပ်ငန်းများကို ထိခိုက်မှုမရှိဘဲ ဆောင်ရွက်နိုင်မည့် ဘေးကင်းလုံခြုံပြီး စနစ်ကျသော ပတ်ဝန်းကျင်ကို အာမခံချက်ပေးလျက်ရှိပါသည်။

## အပိုဒ် (၁၂) - မိဘများ၏ ပူးပေါင်းပါဝင်မှုနှင့် တာဝန်များ

### တာဝန်ဝတ္တရားများ မျှဝေထမ်းဆောင်ခြင်း ၏ အခြေခံမူဝါဒ သဘောတရားများ

မိသားစုများနှင့် ကျောင်းတို့သည် ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်သည့်အခါ ပညာရေးသည် အထိရောက်ဆုံး ဖြစ်လာသည်ဟု **Dream Land International School** က ယုံကြည်ပါသည်။ မိဘများနှင့် အုပ်ထိန်းသူများသည် ကျောင်း၏ ရည်မှန်းချက်ကို အထောက်အကူပြုရန်၊ ကျောင်း၏ တန်ဖိုးများကို ထိန်းသိမ်းရန်၊ ၎င်းတို့ကလေး၏ ပညာရေးဆိုင်ရာနှင့် ကိုယ်ရည်ကိုယ်သွေးအောင်မြင်မှုများကို ပြုစုပျိုးထောင်ပေးရန် အဓိကအခန်းကဏ္ဍမှ ပါဝင်ပါသည်။ ဤပူးပေါင်းဆောင်ရွက်မှုသည် အချင်းချင်းယုံကြည်မှု၊ ပွင့်လင်းသော ဆက်သွယ်ပြောဆိုမှုနှင့် တာဝန်ယူမှု မျှဝေခြင်းတို့အပေါ် အခြေခံထားပါသည်။ မိဘများနှင့် ပညာရေးဝန်ထမ်းများ အတူတကွ ပူးပေါင်းဆောင်ရွက်ကြသောအခါ၊ ကျောင်းသားများသည် အားပေးမှု၊ စည်းကမ်းနှင့် ဂရုစိုက်မှုတို့၏ ကိုက်ညီသော သတင်းစကားကို ရရှိကြပြီး၊ ၎င်းတို့အား လေးစားမှုရှိသော၊ တာဝန်ယူမှုရှိသော၊ ယုံကြည်မှုရှိသော ကမ္ဘာ့နိုင်ငံသားကောင်းများအဖြစ် ဖွံ့ဖြိုးတိုးတက်လာစေရန် ကူညီပေးပြီး၊ ထိုသို့သော နိုင်ငံသားကောင်းများသည် တစ်သက်တာ သင်ယူမှု၏ စိတ်ဓာတ်ကို အလေးထားလက်ခံကျင့်သုံးသူများ ဖြစ်လာစေပါသည်။

### ဆက်သွယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှု

ကျောင်းနှင့် အိမ်တို့ကြား ထိရောက်သော ဆက်သွယ်မှုသည် ကျောင်းသား၏အောင်မြင်မှုအတွက် အလွန်အရေးကြီးပါသည်။ မိဘများသည် ၎င်းတို့၏ နေရပ်လိပ်စာ၊ ဖုန်းနံပါတ်နှင့် အီးမေးလ် ကဲ့သို့သော ဆက်သွယ်ရန်အသေးစိတ် အချက်အလက် ပြောင်းလဲမှုများကို ကျောင်းသို့ အသိပေးတင်ပြရမည်ဖြစ်ပြီး၊ မည်သည့်ပြောင်းလဲမှုမျိုးကိုမဆို သုံးရက်အတွင်း အကြောင်းကြားရမည်ဖြစ်ပါသည်။ မိဘများသည် မိဘများအတွက် ကျောင်း၏တရားဝင် မိဘ-ဆရာဆက်သွယ်ရေးလမ်းကြောင်းမှတစ်ဆင့် ပေးပို့သော သတင်းစကားများကို ပုံမှန်စစ်ဆေးပြီး ပြန်ကြားရမည်ဖြစ်ပါသည်။ မိဘများ/ကျောင်းသားများနှင့်ဆရာများသည် မလိုလားအပ်သော ပြဿနာများမဖြစ်စေရန် ကျောင်းမှတရားဝင် သတ်မှတ်ထားသော ဆက်သွယ်ရေးလမ်းကြောင်း (Viber,Telegram Group/Channel) များမှသာတစ်ဆင့် အချင်းချင်း ဆက်သွယ်ပြောဆိုရမည်။ ကိုယ်ပိုင် သို့မဟုတ် တရားဝင်မဟုတ်သော ဆက်သွယ်ရေးလမ်းကြောင်းများကို အသုံးမပြုရ။ ၎င်းသည် သတင်းမှန်ကန်မှု၊ ထင်ရှားမှုနှင့် ပါဝင်သူအားလုံး၏ အကျိုးစီးပွားကို ကာကွယ်ရန် ဖြစ်သည်။ ဆရာ/မများ၊ ဝန်ထမ်းများအားလုံးနှင့် ဆက်သွယ်ပြောဆိုမှုများသည် အပြုသဘောဆောင်သော ကျောင်းပတ်ဝန်းကျင်ကို ထိန်းသိမ်းရန်အတွက်

ယဉ်ကျေးပျူငှာပြီး ပရော်ဖက်ရှင်နယ်ဆန်ရမည်ဖြစ်ပါသည်။ စိုးရိမ်ပူပန်မှုများ ပေါ်ပေါက်လာသောအခါ မိဘများသည် ကျောင်း၏ ပြဿနာဖြေရှင်းရေးလမ်းကြောင်း အဆင့်ဆင့်ကို လိုက်နာဆောင်ရွက်ရန် တိုက်တွန်းပါသည်။ ပထမဦးစွာ အတန်းပိုင်ဆရာ/မနှင့် ဆက်သွယ်ခြင်း၊ ထို့နောက် သက်ဆိုင်ရာဌာနအကြီးအကဲ ကို ဆက်သွယ်ခြင်းနှင့် နောက်ဆုံး လိုအပ်ပါက ကျောင်းအုပ်ကြီး ကို ဆက်သွယ်ခြင်းတို့ ဖြစ်ပါသည်။ ဤရှင်းလင်းသော လုပ်ငန်းစဉ်သည် တရားမျှတမှု၊ လေးစားမှုနှင့် ထိရောက်သော ပြဿနာဖြေရှင်းနိုင်မှုတို့ကို အာမခံချက်ပေးပါသည်။

## အိမ်တွင် ပညာရေးဆိုင်ရာနှင့် စည်းကမ်းပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှု

မိဘများသည် စာသင်ခန်းပြင်ပရှိ Dream Land International School ၏ ပညာရေးဆိုင်ရာ စံချိန်စံညွှန်းများနှင့် စည်းကမ်းပိုင်းဆိုင်ရာ မျှော်မှန်းချက်များကို အားဖြည့်ဆောင်ရွက်ပေးရန် တာဝန်ရှိပါသည်။ မိသားစုများအနေဖြင့် ကျောင်း၏ အခြေခံတန်ဖိုးများဖြစ်သော လေးစားမှု၊ ရိုးသားဖြောင့်မတ်မှုနှင့် တာဝန်ယူမှုစသည့် အရည်အသွေးများကို နေ့စဉ်ဘဝတွင် စံနမူနာပြလုပ်ဆောင်ရန် အားပေးထားပြီး ဤသို့ပြုလုပ်ခြင်းဖြင့် အိမ်နှင့်ကျောင်းကြား တစ်သမတ်တည်းဖြစ်မှုကို မြှင့်တင်ပေးနိုင်ပါသည်။ မိဘများသည် ကလေးအတွက် တိတ်ဆိတ်ငြိမ်သက်သော စာကြည့်နေရာ ပြင်ဆင်ပေးခြင်း၊ အချိန်ကို ထိရောက်စွာ စီမံခန့်ခွဲနည်းအား သင်ကြားပေးခြင်းနှင့် ကလေး၏ အိမ်စာများကို ၎င်းတို့အတွက် လုပ်ပေးခြင်းမဟုတ်ဘဲ ပြီးမြောက်အောင် ကြီးကြပ်ပေးခြင်းဖြင့် သင်ယူမှုအတွက် အထောက်အကူပြု ပတ်ဝန်းကျင်တစ်ခု ဖန်တီးပေးသင့်ပါသည်။ ပုံမှန်လုပ်ရိုးလုပ်စဉ်များသည် ပညာရေးအောင်မြင်မှုအတွက် အထူးအရေးပါသောကြောင့် ပုံမှန်ကျောင်းတက်ရောက်မှုနှင့် အချိန်တိကျမှု ရှိစေရေးသည်လည်း မိဘများ၏ တာဝန်ဖြစ်ပါသည်။ မိသားစုများအနေဖြင့် ကလေး၏ ပညာရေးအပြင် ကိုယ်ခန္ဓာကျန်းမာရေးနှင့် စိတ်ခံစားချက်ပိုင်းဆိုင်ရာ ကောင်းမွန်မှုကို အထောက်အကူပြုရန်အတွက် လုံလောက်သော အနားယူချိန်၊ အာဟာရပြည့်ဝသော အစားအစာ၊ ကန့်သတ်ထားသော စခရင်ကြည့်ချိန်နှင့် တာဝန်ယူမှုရှိသော နည်းပညာအသုံးပြုမှုများ ပါဝင်သည့် ဟန်ချက်ညီသော ဘဝနေထိုင်မှုပုံစံကို မြှင့်တင်ပေးသင့်ပါသည်။

## ဘဏ္ဍာရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာ တာဝန်ဝတ္တရားများ

မိဘများနှင့် အုပ်ထိန်းသူများအား ကျောင်း၏ ဘဏ္ဍာရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာ ပြဋ္ဌာန်းချက်အားလုံးကို အချိန်မီနှင့် တာဝန်ယူတတ်စွာ ပြီးမြောက်အောင် ဆောင်ရွက်ရန် မျှော်မှန်းထားပါသည်။ ပညာရေးနှင့် ကျောင်းပြင်ပ လှုပ်ရှားမှုများ ချောမောစွာ လည်ပတ်နိုင်ရန်အတွက် ကျောင်းလခနှင့် အပိုပေးဆောင်ရမည့် စရိတ်များကို ထုတ်ပြန်ထားသော သတ်မှတ်ရက်များအတွင်း ပေးချေရပါမည်။ ကျောင်း၏ ကျင့်ဝတ်စည်းကမ်းတွင် ဖော်ပြထားသည့်အတိုင်း ၎င်းတို့၏ ကလေးမှ ကျောင်းပိုင်ပစ္စည်းများအား တမင်တကာ ဖျက်စီးပါက မိသားစုများတွင် ငွေကြေးအရ တာဝန်ယူရမည်ဖြစ်ပြီး ထိုသို့သော ကိစ္စရပ်များကို ကောင်းမွန်စွာ ဖြေရှင်းရာတွင် ပူးပေါင်းဆောင်ရွက်ရန် မျှော်မှန်းထားပါသည်။ ထို့အပြင် ကျောင်း၏ စီမံခန့်ခွဲရေးနှင့် Cambridge အပြည်ပြည်ဆိုင်ရာ စာမေးပွဲ (CIE) လိုအပ်ချက်များနှင့်အညီ သဘောတူညီချက်ပုံစံများ၊ ကျန်းမာရေးမှတ်တမ်းများ၊ စာမေးပွဲမှတ်ပုံတင်ခြင်းစာရွက်စာတမ်းများ အပါအဝင် လိုအပ်သော စာရွက်စာတမ်းအားလုံးကို တိကျစွာနှင့် အချိန်မီ တင်ပြရပါမည်ဖြစ်ပါသည်။

## ကျောင်းဝင်းအတွင်း မိဘများအတွက်စည်းကမ်းချက်များ

ကျောင်းသို့ လာရောက်လည်ပတ်ခြင်း သို့မဟုတ် ကျောင်းအခမ်းအနားများတွင် တက်ရောက်ပါဝင်သည့်အခါ မိဘများသည် ကျောင်းမှ ၎င်း၏ကျောင်းသားများအား မျှော်မှန်းထားသည့် လေးစားမှု၊ ယဉ်ကျေးပျူငှာမှုနှင့် ဖြောင့်မတ်မှန်ကန်မှုစသော အရည်အသွေးများကို စံနမူနာပြ လုပ်ဆောင်ရန် မျှော်မှန်းထားပါသည်။ ဧည့်သည်အားလုံးသည် ကျောင်းဝင်းလုံခြုံရေး လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည်ဖြစ်ပြီး ဧည့်သည်ကတ်ပြားများ ဝတ်ဆင်ရမည် ဖြစ်ပြီး ခွင့်ပြုချက်မရှိဘဲ စာသင်ခန်းများအပါအဝင် တားမြစ်ထားသော နေရာများသို့ ဝင်ရောက်ခြင်းနှင့် ကျောင်းမှအသုံးပြုနေသော သင်ကြားရေးနည်းစနစ်များကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်ခြင်းမှ ရှောင်ကြဉ်ရမည်ဖြစ်ပါသည်။ မိဘများသည် အခြားကျောင်းသားတစ်ဦးကို တိုက်ရိုက်ရင်ဆိုင်တွေ့ဆုံခြင်း လုံးဝမပြုသင့်ပါ။ သင့်တော်သော ကိုင်တွယ်ဖြေရှင်းမှုရရှိရန်အတွက် ကျောင်းသားတစ်ဦးနှင့်သက်ဆိုင်သည့် မည်သည့် စိုးရိမ်စရာကိစ္စကိုမဆို ဆရာတစ်ဦးဦး သို့မဟုတ် ကျောင်းမှ ဝန်ထမ်းတစ်ဦးဦးထံသို့ အသိပေးတင်ပြရပါမည်။ ကျောင်းဝန်းအတွင်းရှိ ဝန်ထမ်းများ၊ ကျောင်းသားများ သို့မဟုတ် မိဘများမှ  မည်သူ့ကိုမဆို ရန်လိုသော၊ ခြိမ်းခြောက်သော သို့မဟုတ် မလေးစားသော စကားများ၊ အပြုအမူများ အသုံးပြုခြင်းကို ခွင့်မပြုပါ။ လိုအပ်ပါက အားလုံးအတွက် ဘေးကင်းလုံခြုံပြီး လေးစားမှုရှိသော ပတ်ဝန်းကျင်တစ်ရပ်ကို ထိန်းသိမ်းရန်အတွက် ဆက်သွယ်မှု သို့မဟုတ် ကျောင်းဝင်းအတွင်းသို့ အဝင်အထွက်ကို ကန့်သတ်ရန် ကျောင်းမှ အခွင့်အရေးအား လက်ဝယ်ထားရှိပါသည်။

## ပူးပေါင်းဆောင်ရွက်မှုအတွက် ပြဋ္ဌာန်းချက်

Dream Land International School သည် မိဘများအား ပညာရေးတွင် အဓိကအရေးပါသော မိတ်ဖက်များအဖြစ် တန်ဖိုးထားပါသည်။ ပွင့်လင်းသော ဆက်သွယ်ပြောဆိုမှု၊ တစ်ဦးကိုတစ်ဦး လေးစားမှုနှင့် တာဝန်များကို မျှဝေထမ်းဆောင်ခြင်းတို့ဖြင့် မိသားစုများနှင့် ဆရာ/မများသည် ကျောင်းသားများ၏ အောင်မြင်မှုနှင့် ကိုယ်ရည်ကိုယ်သွေး တိုးတက်မှုကို ပံ့ပိုးရန်အတွက် အတူတကွ ကြိုးပမ်းဆောင်ရွက်ကြပါသည်။ ဤပူးပေါင်းဆောင်ရွက်မှုသည် စူးစမ်းလေ့လာလိုစိတ်၊ မိမိကိုယ်ကို ယုံကြည်မှုနှင့် ကရုဏာတရားတို့ကို ပြုစုပျိုးထောင်ပေးပြီး တစ်သက်တာသင်ယူမှုနှင့် တာဝန်ယူမှုရှိသော ကမ္ဘာ့နိုင်ငံသားကောင်းဘဝအတွက် အခြေခံအုတ်မြစ်ကို ချမှတ်ပေးပါသည်။

## တာဝန်ရှိသော ဆက်သွယ်မှုနှင့် အပြုအမူ မူဝါဒ

ကျောင်းသည် အဆက်မပြတ်တိုးတက်အောင် လုပ်ဆောင်နိုင်ရန် အကျိုးရှိသော အကြံပြုချက်များနှင့် အပြန်အလှန်အကြံများကို ကြိုဆိုသော်လည်း၊ ကျောင်းအသိုင်းအဝိုင်းအတွင်းရှိ အဖွဲ့ဝင်များအားလုံး(ဆရာ၊ မိဘ၊ ဝန်ထမ်းနှင့် ကျောင်းသား) သည် လေးစားမှုနှင့် တာဝန်ရှိမှုဖြင့် ဆက်သွယ်ရမည်ဖြစ်သည်။ မမှန်မကန် သို့မဟုတ် မှားသည့် သတင်းများ ဖြန့်ချိခြင်း၊ ကျောင်း သို့မဟုတ် ဝန်ထမ်းများအပေါ် ထိခိုက်စေသော၊ အနာဂတ်အကျိုးဆိုးဖြစ်စေသည့် သို့မဟုတ် အနားမလည်စေသော စာမျက်နှာများ Social Media တွင် ထုတ်ဝေခြင်း၊ လျှို့ဝှက် သို့မဟုတ် အတွင်းရေးအချက်အလက်များ ထွက်ပေါက်ခြင်း၊ သင်ကြားမှု သို့မဟုတ် စီမံခန့်ခွဲမှုကို လှုံ့ဆော်ခြင်း၊ ကျောင်းအတွင်းပဋိပက္ခ ဖြစ်ပေါ်စေခြင်းတို့ကို အလေးမထားသင့်သော စည်းကမ်းချိုးဖောက်မှုအဖြစ် သတ်မှတ်ပြီး၊ အခြေအနေမူတည်၍ လိုအပ်သလို တရားဝင်အရေးယူမှုများ ပြုလုပ်နိုင်သည်။ ကျောင်းသည် အဖွဲ့ဝင်များအားလုံးကို တာဝန်ရှိသော ဆက်သွယ်မှု၊ ပရော်ဖက်ရှင်နယ်မှုပေါင်းစည်းမှုနှင့် လုံခြုံပြီး လေးစားမှုရှိသော ပူးပေါင်းဆောင်ရွက်နိုင်သော ပတ်ဝန်းကျင်ကို ထိန်းသိမ်းရန် လှုံ့ဆော်သည်။

## တိုင်ကြားချက်မူဝါဒ

Dream Land International School သည် ကျောင်း၊ မိဘများ၊ ကျောင်းသားများနှင့် ဝန်ထမ်းများကြား ပွင့်လင်းမြင်သာပြီး အချင်းချင်းလေးစားမှုရှိသော ဆက်ဆံရေးကို ပြုစုပျိုးထောင်ရန် ပြဋ္ဌာန်းထားပါသည်။ ကျောင်းမှ အမြင့်ဆုံးသော ပညာရေးနှင့် စောင့်ရှောက်မှုစံနှုန်းများကို ပေးစွမ်းရန် ကြိုးပမ်းနေသော်လည်း စိုးရိမ်ပူပန်မှုများ သို့မဟုတ် နားလည်မှုလွဲမှားမှုများ ရံဖန်ရံခါ ပေါ်ပေါက်နိုင်သည်ကို လက်ခံထားပါသည်။ ဤမူဝါဒသည် မညီမျှမှုများကို မျှတစွာ၊ ထိရောက်စွာနှင့် ပတ်သက်သူအားလုံးအား အပြည့်အဝလေးစားမှုဖြင့် ကိုင်တွယ်ဖြေရှင်းရန် ရှင်းလင်းသောမူဘောင်တစ်ရပ်ကို ချမှတ်ထားပါသည်။ တိုင်ကြားချက်အားလုံးကို အလေးအနက်ထားဆောင်ရွက်မည်ဖြစ်ပြီး သတိထားဆုံးဖြတ် ကိုင်တွယ်ကာ အမြန်ဆုံးဖြေရှင်းပေးမည်ဖြစ်ပါသည်။တရားဝင် အရေးယူမှုများ မစဉ်းစားမီ၊ ကျောင်းသည် ဆွေးနွေးမှုနှင့် နားလည်မှုကို ဦးစားပေးသည့် ပြဿနာဖြေရှင်းရေး နည်းလမ်းကိုအားပေးလုပ်ဆောင်စေပါသည်။

ပထမဦးစွာ စိုးရိမ်ပူပန်မှုများကို သက်ဆိုင်ရာ ဆရာ/မများ၊ ဝန်ထမ်းများ သို့မဟုတ် ဌာနတာဝန်ခံထံတွင် ရိုးရှင်းသောပုံစံဖြင့် တင်ပြသင့်ပြီး ၎င်းတို့ကဂရုတစိုက်နားထောင်ကာ ကျေနပ်ဖွယ်ရာ ဖြေရှင်းချက်တစ်ခုကို ရှာတွေ့စေရန် ပူးပေါင်းဆောင်ရွက်ပေးမည်ဖြစ်ပါသည်။ ပွင့်လင်းသော ဆွေးနွေးမှုများမှတစ်ဆင့် ပြဿနာအများအပြားကို ဤအဆင့်တွင်ပင် ဖြေရှင်းနိုင်ပါသည်။ ဥပမာအားဖြင့်၊ မိဘတစ်ဦးအနေဖြင့် စာသင်ခန်းဆိုင်ရာ မျှော်မှန်းချက်များ၊ အဆင့်သတ်မှတ်ချက်များ သို့မဟုတ် စည်းကမ်းထိန်းသိမ်းခြင်းဆိုင်ရာ စိုးရိမ်ပူပန်မှုတစ်စုံတစ်ရာရှိပါက အတန်းပိုင်ဆရာနှင့် တွေ့ဆုံဆွေးနွေးခြင်းဖြင့် စတင်သင့်ပါသည်။

အကယ်၍ စိုးရိမ်ပူပန်မှုကို မဖြေရှင်းနိုင်ပါက၊ မိဘသည် ကျောင်းအုပ်ကြီးထံ စာဖြင့်တိုင်ကြားချက် တင်သွင်းနိုင်ပြီးကျောင်းအုပ်ကြီးသည် ကိစ္စရပ်ကို ပြန်လည်သုံးသပ်ခြင်း၊ လိုအပ်ပါက စုံစမ်းစစ်ဆေးခြင်းများ ပြုလုပ်မည်ဖြစ်ပြီးသင့်လျော်သော အချိန်ကာလအတွင်း တရားဝင် စာဖြင့်တုံ့ပြန်မှု ပြုလုပ်ပါမည်။ ဤလုပ်ငန်းစဉ်တစ်လျှောက်လုံးတွင် ဆက်သွယ်ပြောဆိုမှုအားလုံးသည် ယဉ်ကျေးပျူငှာမှု၊ အချက်အလက်မှန်ကန်မှုနှင့် အပြုသဘောဆောင်မှုတို့ကို ထိန်းသိမ်းရပါမည်။

တိုင်ကြားသူသည် ရလဒ်နှင့်ပက်သက်၍ မကျေနပ်ပါက၊ ဤကိစ္စရပ်ကို ကျောင်းစီမံခန့်ခွဲမှုကော်မတီသို့ တိုးမြှင့်တင်ပြခြင်းခံရနိုင်ပြီး သတ်မှတ်ထားသော ကော်မတီတစ်ရပ်မှ ဘက်မလိုက်ဘဲ ပြန်လည်သုံးသပ်ဆောင်ရွက်ပေးပါမည်ဖြစ်ပါသည်။ ထိုကော်မတီသည် သက်သေအထောက်အထားအားလုံးကို ပြန်လည်သုံးသပ်ခြင်း၊ သက်ဆိုင်ရာ ရှုထောင့်များမှ အချက်အလက်များကို နားထောင်ခြင်းတို့ပြုလုပ်ပြီး သတ်မှတ်ထားသော ကာလအတွင်း နောက်ဆုံးဆုံးဖြတ်ချက်ကို စာဖြင့်ထုတ်ပြန်ပေးပါမည်ဖြစ်ပါသည်။

တိုင်ကြားချက်အားလုံးနှင့် ၎င်းတို့၏ ဖြေရှင်းမှုရလဒ်များကို တာဝန်ယူမှုရှိစေရေးနှင့် စဉ်ဆက်မပြတ် တိုးတက်မှုရှိစေရန်အလို့ငှာ လုံခြုံစွာ မှတ်တမ်းတင်ထားပါသည်။ ကျောင်းသည် ကောင်းမွန်သော ရည်ရွယ်ချက်ဖြင့် စိုးရိမ်ပူပန်မှုများ ထောက်ပြသည့် မည်သူ့ကိုမဆို ပြန်လည်နှိပ်ကွပ်ခြင်း သို့မဟုတ် ခွဲခြားဆက်ဆံခြင်းကို တားမြစ်ထားပါသည်။ ဤမူဝါဒသည် Dream Land International School၏ တရားမျှတမှု၊ ရိုးသားဖြောင့်မတ်မှုနှင့် စဉ်ဆက်မပြတ် တိုးတက်မှုဆိုင်ရာ ပြဋ္ဌာန်းချက်ကို ထင်ဟပ်စေပါသည်။

## နိဂုံးချုပ်

ဤ ကျောင်းသား-မိဘလက်စွဲစာအုပ်တွင် ကျောင်းဝန်းကျင်ကို အန္တရာယ်ကင်းစွာ၊ ကိုယ့်ကိုကိုယ်လေးစားပြီး သင်ကြားရေးအပေါ် အာရုံစိုက်နိုင်စေရန် လိုအပ်သည့် စည်းကမ်းနှင့် တာဝန်ယူမှုများကို ဖော်ပြထားပါသည်။ ကျောင်းသားများ၊ မိဘများနှင့် ဆရာ/ဆရာမများ ပူးပေါင်းဆောင်ရွက်သည့်အခါ၊ ကျောင်းသားတိုင်း၏ အောင်မြင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် သင့်လျော်သော ပတ်ဝန်းကျင်ကို တည်ဆောက်နိုင်မည်ဖြစ်ပါသည်။ Dream Land International School သို့ မိဘများ၏ ပံ့ပိုးကူညီမှုနှင့် ယုံကြည်အားထားမှုအတွက် ကျေးဇူးတင်ရှိပါသည်။